ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့၊ (23-12-2007) (၅၅၄၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဒီဇင်ဘာ　　၂၃

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဒီဇင်ဘာ　　၂၃

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ယာဆုအိုဖုကုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလား ချီးမြှင့်

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ် ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ ခုနှစ် (၄၆)ကြိမ်မြောက် တပ်မ တော်ကာကွယ်ရေး ဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးအသင်း အား တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်　　ဒီဇင်ဘာ　　၂၂

၂၀၀၇ခုနှစ် (၄၆)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်သည်။

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှရွှေဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံး များမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် ဘောလုံးအသင်းနှင့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်

စာမျက်နှာ ၃ ကော်လံ ၁ သို့

ကြေးမုံ
The Mirror

ယနေ့ သတင်း အညွှန်း

တူရကီတပ်ဖွဲ့များ အီရတ်မြောက်ပိုင်းသို့ ဝင်ရောက်။ နိုင်ငံတကာသတင်း(စာမျက်နှာ–၄)

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်။ သတင်းမှတ်တမ်းဓာတ်ပုံများ(စာမျက်နှာ–၁၁)

နိုင်ငံတကာ ဘောလုံးသတင်းများ။ (စာမျက်နှာ–၁၂)

ပွင့်လင်းရာသီ ခရီးသွားဆောင်းပါး

ဦးခိုက်ပူဇော် ကျိုက်ထီးရိုးစေတီတော်

စာမျက်နှာ(၈)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၃–၁၂–၂၀၀၇
(တနင်္ဂနွေနေ့)

ကုန်စည်ကူးသန်းဖလှယ်ရာတွင် အရေးပါသည့် ဧရာဝတီတံတား(ရတနာပုံ)

လမ်းပန်းဆက်သွယ် လုံခြုံချောမွေ့ခြင်းသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားမြင့်မားရေးအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်။ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာသဖြင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုတိုးတက် စည်ပင်လာမည်ဖြစ်သည်။ ယင်းအခြေခံအကြောင်းတရားများကြောင့်ပင် နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းတွင် လမ်း၊ တံတားများစွာကို ဖောက်လုပ်တည်ဆောက်ပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ အထက်ပိုင်းတွင် လူဦးရေတိုးပွားနေထိုင်လာမှု၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးလာမှုများနှင့်အတူ ဧရာဝတီတံတား(ရတနာပုံ)ကို လက်ရှိအင်းဝတံတားကြီး၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ ခန့်တွင် တည်ဆောက်လျက်ရှိရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

နှစ်ပေါင်း ၇၀ ကျော်သက်တမ်းရှိ အင်းဝ(စစ်ကိုင်း) တံတားကြီးသည် မီးရထားရော မော်တော်ကားပါ ဖြတ်သန်း အသုံးပြုနိုင်ခဲ့သော်လည်း ယခုအခါ ကြံ့ခိုင်မှုအားနည်းလာသဖြင့် ရတနာပုံတံတားကြီးကို ထပ်မံတည်ဆောက်ခြင်းဖြစ်သည်။

ဧရာဝတီတံတား(ရတနာပုံ)သည် သံမဏိသံပေါင်းနှင့် သံကူကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားများအပါအဝင် အရှည်ပေ ၅၆၁၄ ပေရှိသည့် ၄၉ ပေအကျယ် လေးလမ်းသွား ကားလမ်းတံတားကြီးဖြစ်သည်။ တံတားတည်ဆောက်မှုလုပ်ငန်းများ ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ရာ ယခုအခါ ကုန်တင်ယာဉ်ကြီး တစ်သောင်းကျော်နှင့် လူစီးယာဉ်ကြီးများ၊ ယာဉ်ငယ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းမောင်းနှင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၏ အတတ်ပညာစွမ်းပကားဖြင့် ကုန်စည်ကူးသန်းဖလှယ်ရာတွင် အရေးပါသည့် ဧရာဝတီတံတား(ရတနာပုံ)ကို တည်ဆောက်ခဲ့ရာ ဒေသခံပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးတိုးတက်မြင့်မားရေးတို့အတွက် ပိုမိုအကျိုးပြုလာနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧက သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်း အနောက်ဘက်ခြမ်း ရွှေတောင်မြို့ တာကြီးလမ်းနေ ဗိုလ်ကြီးသန်းသန်းဦး(ငြိမ်း) (ပုလဲဖြူဆေးခန်း) သိန်းသန်းမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းပဓာနနာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်းတွေ့ရှိရပါသည်။ ဆောင်းရာသီကာလတွင် မြူခိုးဆီးနှင်းများဖြင့် မြင်ကွင်းကန့်သတ်ချက်ရှိနိုင်သဖြင့် ယာဉ်မတော်တဆမှု အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်းထက် ပိုမိုခြင်းမပြုဘဲ သတိပြုမောင်းနှင်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

(၂၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်း ၂၂ သင်းမှ ပြိုင်ပွဲဝင်အားကစားသမားများက ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ ပြိုင်ပွဲအစီအစဉ်အတိုင်း ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ တပ်ဖွဲ့မှူးများနှင့် ဇနီးများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အမျိုးသမီးအသင်းလိုက် ပထမရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်အသင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ဇနီး ဒေါ်ခင်မေစိုးကလည်းကောင်း၊ အမျိုးသားအသင်းလိုက် ပထမဆုရ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းအား ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ကလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းအား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

(၂၁)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်တံခွန်စိုက်ဒိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ဇီးကုန်းမြို့နယ် အ–ထ–က၌ ပညာသင်ကြားပေးခဲ့ကြသော ရန်ကုန်ရောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ်မြောက် စုပေါင်းပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၂၅ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြစဉ်။ (က–ပ)

အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအတွက် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းနေ ဒေါက်တာလှမင်း မိသားစုက မိခင်ကြီး ဒေါ်ကျင်ရွှေအား အမှူးထား၍ အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အဘိဓမ္မာမဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းလက်ခံရယူစဉ်။ (က–ပ)

သုံးခွမြို့ မိုးကုတ်ဝိပဿနာ မုံလယ်တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်း သုံးခွမြို့ လောကမာရဇိန်ဘုရားတန်ဆောင်း ကျောင်းသစ်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မုံလယ် ခုနစ်ရက် တရားစခန်းပွဲကို (၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်မှ ၉ ရက်)၊ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများ ဒီဇင်ဘာ ၂၆ ရက် ညနေ အရောက်ကြွရောက်ပါရန် ဖိတ်ကြားထားသည်။ **(က–ပ)**

မာန်အောင်မြို့နယ်အသင်း သက်ကြီးပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းနှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ ရက်(စနေနေ့)နံနက် ၈နာရီတွင် ရခိုင်ပြည်နယ်ခမ္မာရုံ၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးတွင် ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသူ၊ ကျောင်းသားများသည် အထောက်အထားများနှင့်တကွ ဗိုလ်မှူးအောင်စိန် (ငြိမ်း)ဖုန်း–၅၀၁၀၂၆၊ ဦးစိုးတင့် ဖုန်း–၅၄၅၂၉၃၊ ဦးအုန်းမြင့် ဖုန်း–၅၆၁၇၈၀၊ ဦးသိန်းဖေ ဖုန်း–၅၀၁၈၄၆၊ လိုင်းခွဲ–၃၃၁၊ ဒေါ်သီသီအောင် ဖုန်း–၅၅၅၇၅၇နှင့် ဒေါ်ညွန့်ညွန့်ကြည် ဖုန်း–၆၄၄၃၃၆ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၁လမ်းနေ ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ ဦးတင်ဝင်း–ဒေါ်စမ်းစမ်းအေးမိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးနှင့် ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

○ ရှေ့ဖုံးမှ

ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တတိယဆုရရှိသော တပ်မတော်(ရေ)ဘောလုံးအသင်းအား ဆုချီးမြှင့်ပြီး ဒုတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကိုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက နေရာအလိုက် အကောင်းဆုံးဘောလုံးသမားဆု ရရှိကြသူများနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအနေဖြင့် ယခုအကြိမ် ဗိုလ်စွဲခြင်းမှာ (၂၁)ကြိမ်မြောက် အနိုင်ရဗိုလ်စွဲခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့သည် ယာဉ်စီးရေတစ်သိန်းခွဲရှိပြီး လူဦးရေခြောက်သန်းကျော်ရှိ ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ကျောင်းများကပါ ဂရုစိုက်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ကြီးမှူးကျင်းပသည့် ကျောင်းသား၊ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးနှင့် လျော့နည်းကျဆင်းစေရေးတို့အတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် နည်းလမ်းပေါင်းစုံ ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်စုံတစ်ခုသော အတိုင်းအတာထိ ယာဉ်မတော်တဆမှုများ လျော့နည်းသွားအောင် ဆောင်ရွက်နိုင်သော်လည်း ရည်မှန်းသလောက် လျော့နည်းကျဆင်းသွားခြင်း မရှိသေးသည်ကို တွေ့ရကြောင်း၊ ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ မဖြစ်စေရန် နည်းလမ်းမျိုးစုံဖြင့် ရေရှည်မျှော်မှန်းပြီး ယခုကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဓိကကျသည့် အသိပညာပေးအပိုင်းကို ရေတိုရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ဆောင်ရွက်နေသည့် နေရာတွင် ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သင်ကြား ပို့ချပေးနိုင်သည့်အတွက် ငယ်စဉ်ကပင် အလေ့အကျင့်မှသည် အလေ့အထသို့ ရောက်ရှိလာပြီး လက်ဆင့်ကမ်း အသိပညာပေးမှုများလည်း ဆင့်ပွားပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကို (၂)နှစ်တစ်ကြိမ် ကျင်းပပေးခဲ့ပြီး စာတမ်းဖတ်ပွဲနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုကိုလည်း ၂၃-၄-၂၀၀၇ ရက်မှ ၂၉-၄-၂၀၀၇ ရက်ထိ ကျောင်းသား၊ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများဖြင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း။

ရန်ကုန်မြို့သည် ယာဉ်စီးရေ တစ်သိန်းခွဲ ရှိပြီး လူဦးရေလည်း ခြောက်သန်းကျော်ရှိရာ လူဦးရေ တိုးတက်များပြားပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုကျယ်ပြန့် ရှည်လျားလာသည့်အတွက် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို ကျောင်းများကပါ မျက်ခြည်မပြတ် ဂရုစိုက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယာဉ်အန္တရာယ်ကြောင့် လူသားအရင်းအမြစ်များ ဆုံးရှုံးမှုမဖြစ်စေရန် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းပြီး ငယ်ရွယ်သူကျောင်းနေအရွယ်ကစပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သိရှိလိုက်နာစေရန် ဆရာ၊ ဆရာမများမှတစ်ဆင့် လက်ဆင့်ကမ်း သင်ကြားပေးကြပါဟု ပြောကြားသည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စောသီတာမိုး၊ စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်း ကျောင်းအုပ် ဒေါ်မျိုးစန္ဒာအေးတို့က ကျောင်းသား၊ ကျောင်းသူလေးများနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးအစီအစဉ်ကို ရှင်းလင်းသရုပ်ပြသကြသည်။

ထို့နောက် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းဌာနမှ ရဲမှူး စိုးမြင့်ဦးနှင့် ဒုတိယရဲမှူး မြင့်အောင်တို့က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများကို ဟောပြောပို့ချ ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့က ကျင်းပသည့် ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (Special Olympic Myanmar-2007)ကို ဒီဇင်ဘာ ၁၇ရက်မှ ၁၈ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏလူငယ်အားကစားကွင်းတွင် ကျင်းပသည်။

ဒီဇင်ဘာ ၁၇ရက် နံနက် ၈နာရီတွင် ဖွင့်ပွဲကျင်းပရာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးနှင့် ပုသိမ်တို့မှ ဉာဏ်ရည်မမီ အားကစားသမား စုစုပေါင်း ၃၁၆ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က အဖွင့်အမှာစကားပြောကြားသည်။

ပြိုင်ပွဲတွင် ပြေးခုန်ပစ်ပြိုင်ပွဲများ၊ ဘိုချီဘောလုံး၊ ဆော့ဘောပစ်ပြိုင်ပွဲနှင့် အသင်းလိုက်ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ရက်တွင် လူရွေးချယ်ပြိုင်ပွဲများ၊ ဒီဇင်ဘာ ၁၈ရက်တွင် ပြိုင်ပွဲများကျင်းပပြီး ဆုရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရှိုင်းဟုတ်ကုမ္ပဏီမှ ကိုယ်စားလှယ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဓါတ်ပုံ)** (ကြေးမုံ)

စာဆိုသို့ ဦးခိုက်ခြင်း

❒ စာပေဟူသည်
တိုင်းပြည်လူမျိုး၊ဂုဏ်မညှိုးအောင်
စွမ်းဆောင်တည်ဆောက်၊အံ့လောက်စဖွယ်
အလင်းကြွယ်ဘိ၊အမှောင်နယ်ခွင်း
ဂုဏ်အလင်းတည့်။

❒ စာပေမြင့်က၊ လူမျိုးမြင့်သည်
စာပေနိမ့်က၊လူမျိုးနိမ့်မည်
စာပေသည်လျှင် ... အလင်းရှင်
ယဉ်ကျေးမှု၏ အလင်္ကာ။

❒ စာပေသည်ကား
အမှားကိုမြင်၊ အမှန်ပြင်သည်
သွန်သင်ညွှန်လတ် မြတ်ဆရာ။

❒ မယဉ်ကျေးက၊ယဉ်ကျေးရမည်
ဘဝကိုမြှင့်၊ စိတ်ဖြူမြင့်လျက်
အဖျက်ကိုပယ်၊ အပြုနွယ်၍
ဤနယ်ကျိုးပြု၊ စာပေမှုသာ
ပြည်သူ့အကျိုး၊ ရွက်သယ်ပိုးသည့်
အကျိုးပြုစာ၊ ရတနာ... တည့်။

❒ အကျိုးပြုစာ၊ ရတနာအား
နှလုံးသားလှ၊ စိတ်ထားလှမှ
ရေးလို့ရသည်၊ ပီပြင်သည်တည့်။

❒ သဇင်ပွင့်လတ်၊လမြတ်ခါညီ
စာရာသီ၌၊ဂုဏ်ရည်မြင်းမိုရ်
မြတ်စာဆို... သို့
ကြည်ညို ဦးခိုက်ပါသတည်း။ ။

ခြိမ့်နိုင်

**သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့**

တူရကီတပ်ဖွဲ့များ အီရတ်မြောက်ပိုင်းသို့ ဝင်ရောက်

အန်ကာရာ ဒီဇင်ဘာ ၂၁

တူရကီနိုင်ငံအတွင်း ဝင်ရောက်၍ ပြည်နယ်ခွဲထွက်ရေး ကြိုးပမ်းနေသည့် မတရားသင်းကြေညာ ခံထားရသော ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ) မှ တိုက်ခိုက်ရေးသမားများ၏ နောက်သို့ လိုက်လံချေမှုန်းရန်အတွက် တူရကီစစ်ဘက်က အီရတ်နိုင်ငံ၏ မြောက်ပိုင်းဒေသသို့ အင်အား အနည်းငယ်ဖြင့် ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု အင်္ဂါနေ့တွင် အတည်ပြု ပြောကြားသည်။

တူရကီတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံမြောက်ပိုင်းဒေသ အတွင်းသို့ ကီလိုမီတာပေါင်းများစွာအထိ ညတွင်းချင်း ဝင်ရောက်ခဲ့ပြီး တိုက်ခိုက်ရေးသမားများကို လက်နက်ကြီးများဖြင့် အပြင်းအထန် ပစ်ခတ်ခဲ့သည်ဟု တူရကီစစ်ဦးစီးချုပ်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

တူရကီစစ်ဘက်က အီရတ်နိုင်ငံအတွင်း ဝင်ရောက်သည့် တပ်ဖွဲ့ဝင်ဦးရေကို ဖော်ပြမှုမရှိပေ။ သို့ရာတွင် ပီကေကေ စစ်သွေးကြွများကို တိုက်ခိုက်ရန်အတွက် တူရကီတပ်ဖွဲ့ဝင် ၃၀၀ ထက်မနည်း အီရတ်ပိုင်နယ်မြေအတွင်း ဝင်ရောက်ခဲ့သည်ဟု တူရကီပုဂ္ဂလိက အင်န်တီဗွီရုပ်မြင်သံကြားက ဖော်ပြသည်။

တူရကီတပ်ဖွဲ့က ပီကေကေ တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်ရန်အတွက် နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများကို မကြာမီကာလအတွင်းက ပြုလုပ်ခဲ့သည်။ ပီကေကေတိုက်ခိုက်ရေးသမားများက တူရကီတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန်အတွက် အီရတ်မြောက်ပိုင်းဒေသကို ခြေကုပ်စခန်းအဖြစ် အသုံးချနေသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီနိုင်ငံနှင့် အီရတ်နိုင်ငံ နယ်စပ်ဒေသ ဆာနက်ပြည်နယ်တွင် လုံခြုံရေး ဆောင်ရွက်နေသော တူရကီတပ်ဖွဲ့ဝင်အချို့ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် အကြောင်းပြချက်များရရှိလိုဟု ရုရှားပြောကြား

ရီဂါ ဒီဇင်ဘာ ၂၁

အမေရိကန်အစိုးရက ဒုံးကျည်ကာကွယ်ရေးစနစ် အစီအစဉ်ကို ပိုလန်နှင့် ချက်သမ္မတနိုင်ငံအတွင်း တည်ဆောက်ရန် အဘယ်ကြောင့် စီစဉ်ရသည့်ကိစ္စအပေါ် ခိုင်မာသောအကြောင်းပြချက်များကို အမေရိကန်အစိုးရထံမှ ရယူလိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့က အင်္ဂါနေ့တွင် ပြောကြားသည်။

အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သည့် အစည်းအဝေးများတွင် အမေရိကန်အစိုးရဘက်က ရေးသားခဲ့သော အဆိုပြုချက်များတွင် နှုတ်အားဖြင့် သဘောတူညီခဲ့သည့် အချက်အလက်များ လိုအပ်နေသည်ဟု လက်ဗရော့က ပြောကြားသည်။

မိမိတို့ ပြုလုပ်နေသည့် ဆွေးနွေးညှိနှိုင်းမှုများသည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် လေးစားမှုဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံအား ဆန့်ကျင်မည့် အစီအစဉ်မဟုတ်ဘဲ အကန့်အသတ်ဖြင့် ဆောင်ရွက်သည့် လုံခြုံရေးအစီအစဉ်ဖြစ်သည်ဟု မိမိတို့ မျှော်လင့်ကြောင်း လက်ဗရော့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိတို့အနေဖြင့် ပိုမိုခိုင်မာသည့် အကြောင်းပြချက်များကို အမေရိကန်ဘက်မှ ရရှိရန် လိုလားနေသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သိပ္ပံဆိုင်ရာ သုတေသနဒုံးပျံယာဉ် ဘရာဇီးနှင့်အာဂျင်တီးနားပူးတွဲ၍ အောင်မြင်စွာလွှတ်တင်

ရီယိုဒီဂျနေရိုး ဒီဇင်ဘာ ၂၁

ဘရာဇီးနိုင်ငံသည် သိပ္ပံဆိုင်ရာ သုတေသန ဒုံးပျံယာဉ်ကို ဒီဇင်ဘာ ၁၆ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ ထိုဒုံးပျံယာဉ်သည် ဘရာဇီးနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့၏ ပထမဆုံး ပူးပေါင်းလွှတ်တင်ခဲ့သည့် ယာဉ်ဖြစ်သည်။

ဘရာဇီးနိုင်ငံ ရီဂိုဂရန်ဒီဒိုနော်တီ ပြည်နယ် ဘိုကာဒိုအင်မီနိုလန့်ချ် အာကာသစခန်းမှ ကမ္ဘာ့စံတော်ချိန် နံနက် ၉နာရီ ၁၅ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း ဘရာဇီး အာကာသအေဂျင်စီ (အေအီးဘီ)က ပြောကြားသည်။

အဆိုပါ ဒုံးပျံကို ဘရာဇီးနိုင်ငံလုပ် ဗွီအက်စ်-၃၀ဒုံးကျည်ဖြင့် ပစ်လွှတ်ခဲ့ရာ ခုနစ်မိနစ်အကြာတွင် အမြင့် ၁၂၁ ကီလိုမီတာကို ရောက်ရှိခဲ့သည်။

အချက်အလက်များ စုဆောင်းရရှိနိုင်ရန်အတွက် ကမ်းခြေမှ ကီလိုမီတာ ၁၂၀ အကွာ ဒုံးပျံယာဉ်ဆင်းသက်မည့် ပင်လယ်ပြင်သို့ ဘရာဇီးလေတပ်ဖွဲ့က ရဟတ်ယာဉ်နှစ်စင်းနှင့် ရေငုပ်အဖွဲ့ကို စေလွှတ်ခဲ့သည်။

သိပ္ပံဆိုင်ရာ ဒုံးပျံယာဉ်များ တိုးမြှင့်လွှတ်တင်နိုင်ရန် အေအီးဘီက စီစဉ်လျက်ရှိသည်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် ယင်းအစီအစဉ်တွင် ဘရာဇီးနိုင်ငံက အမေရိကန်ဒေါ်လာ ၈၃၀၀၀၀နှင့် အာဂျင်တီးနားနိုင်ငံက အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ရင်းနှီးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ရိုးရာအက အဖွဲ့ဝင်များ ဖျော်ဖြေနေကြသည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယခုနှစ်အတွင်း ယီမင်ကမ်းလွန်ပင်လယ်ပြင်တွင် လူ ၁၄၀၀ ခန့် ရေနစ်သေဆုံး

ဂျီနီဗာ ဒီဇင်ဘာ ၂၁

ဆိုမာလီယာနှင့် အီသီယိုးပီးယား လူမျိုးအများစုပါရှိသည့် ရွှေ့ပြောင်းအလုပ်သမား ၁၄၀၀ ခန့်သည် မှောင်ခိုသမားများ ထိန်းချုပ်ထားသည့် လှေငယ်များဖြင့် အေဒင်ပင်လယ်ကွေ့မှ ဖြတ်သန်းရန် ကြိုးပမ်းစဉ် ယီမင်နိုင်ငံ၏ ကမ်းလွန်တစ်နေရာ၌ ယခုနှစ်တွင် ရေနစ်သေဆုံးခဲ့ကြကြောင်း ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီက အင်္ဂါနေ့၌ ပြောကြားသည်။

ယင်းသေဆုံးသည့်ဦးရေတွင် သင်္ဘောတစ်စင်း ယီမင်ကမ်းလွန်ဒေသတွင် တိမ်းမှောက်ပြီး အခြားသင်္ဘောတစ်စင်းသည် ကျောက်ဆောင်ဖြင့် တိုက်မိပြီးနောက် သေဆုံးခဲ့သူ ၂၀၀ လည်း အပါအဝင်ဖြစ်သည်။

ယင်းဖြစ်ရပ်သည် အေဒင်ပင်လယ်ကွေ့တွင် ဝမ်းနည်းစရာဖြစ်ရပ်ဖြစ်ခဲ့ကြောင်း၊ လူ ၁၄၀၀ ခန့် သေဆုံးသည်ဟု စာရင်းရထားကြောင်း၊ အဆိုပါသေဆုံးသည့် ဦးရေစာရင်းသည် မှတ်တမ်းတင်ထားသည့် ဦးရေသာဖြစ်ပြီး နောက်ထပ်တိုးလာနိုင်ကြောင်း ကုလသမဂ္ဂဒုက္ခသည်ဆိုင်ရာ မဟာမင်းကြီးရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဂျင်ဒါရင်စတောက်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ခရစ္စမတ်အကြို မီးထွန်းပွဲတော် ကျင်းပနေသည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ပထမဆုံးကွန်တိန်နာစက်ရုံ ဗီယက်နမ်၌ ဖွင့်လှစ်

ဟနွိုင်း ဒီဇင်ဘာ ၂၁

ဗီယက်နမ်နိုင်ငံ ဟိုင်ဒူအွန်ပြည်နယ် မြောက်ပိုင်းတွင် ပထမဆုံးကွန်တိန်နာကုန်သေတ္တာ ထုတ်လုပ်ရေးစက်ရုံကို စတင်ဖွင့်လှစ်လိုက်ကြောင်း၊ အရှေ့တောင်အာရှတွင် ဒုတိယအကြီးဆုံး ကွန်တိန်နာ ထုတ်လုပ်ရေးစက်ရုံဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းစာက ဒီဇင်ဘာ ၁၉ ရက်တွင် ရေးသားသည်။

အဆိုပါ စက်ရုံကို ဗီနာရှင်း-တီဂျီစီ ကွန်တိန်နာကုမ္ပဏီအမည်ဖြင့်ဗီယက်နမ်အကြီးဆုံး သင်္ဘောတည်ဆောက်ရေးစက်ရုံနှင့် တရုတ်(တိုင်ပေ)တွန်ဂွန်စက်ရုံတို့ ဖက်စပ်တည်ထောင်ထားသည်။ ယင်းစက်ရုံကို ဒီဇင်ဘာ ၁၇ ရက်က စတင်လည်ပတ်ပြီး နှစ်စဉ်ကွန်တိန်နာ အလုံးပေါင်း ၄၅၀၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀ ရင်းနှီးမြှုပ်နှံထားပြီး ထွက်ရှိလာသည့် ကုန်သေတ္တာ အရေအတွက် ၈၀ ရာခိုင်နှုန်းကျော်ကို ပြည်ပသို့ တင်ပို့မည်ဖြစ်သည်။

အဆိုပါ ဖက်စပ်စက်ရုံမှ ၂၀၁၀ ပြည့်နှစ်မတိုင်မီ နှစ်စဉ် ကွန်တိန်နာ အလုံးပေါင်း ၂၀၀၀၀၀ ကို တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်သည်။ ထို့အပြင် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသတို့တွင် စက်ရုံများ ထပ်မံတည်ဆောက်ရာ၌လည်း ဗီနာရှင်းကုမ္ပဏီက ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဗီယက်နမ်နိုင်ငံတွင် သင်္ဘော၌ တင်ဆောင်သည့် ကွန်တိန်နာများ လိုအပ်မှုသည် နှစ်စဉ် ၅၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း၊ တစ်နှစ်လျှင် ကွန်တိန်နာသယ်ယူပို့ဆောင်မှုမှ နှစ်စဉ် စုစုပေါင်းအမေရိကန်ဒေါ်လာတစ်ဘီလီယံရရှိကြောင်း သတင်းစာကရေးသားဖော်ပြသည်။ ဗီယက်နမ်နိုင်ငံတွင်ကွန်တိန်နာ သယ်ယူပို့ဆောင်ရေး ကန်ထရိုက်လုပ်ငန်းကို ပြည်ပသင်္ဘောကုမ္ပဏီများက အများဆုံးလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်တွင် အစာအဆိပ်သင့်မှုဖြစ်ပွား

ကူမင်း ဒီဇင်ဘာ ၂၁

တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ ယူနန်ပြည်နယ်တွင် ဒီဇင်ဘာ၁၇ ရက်က အစာအဆိပ်သင့် မှုဖြစ်ပွားရာ ပြင်းထန်သူသုံးဦးအပါအဝင် ၂၃ ဦး ဖျားနာသောဝေဒနာ ဖြစ်ပွားခဲ့ကြောင်း ကြာသပတေးနေ့တွင် အာဏာပိုင်များက ပြောကြားသည်။

လူစီစီရင်စု ဝန်ယာအိုရှုးကျေးရွာတွင် ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခွဲက "တန်ကျွန်" ခေါ် အစာသွတ်ထားသော မုန့်လုံးနှင့်အချဉ်ကို နံနက်စာစားပြီးနောက် ၈၁ နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် လေးနှစ်အရွယ်ကလေးတစ်ဦးအပါအဝင် ၂၃ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်တွေမြို့တွင် ဝန်ထမ်းများအားတွေ့ဆုံ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဟန်ချက်ညီညီဆောင်ရွက်ရန် မှာကြား

နေပြည်တော် ဒီဇင်ဘာ ၂၂

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် လျှပ်စစ်ဝန်ထမ်းများအား တွေ့ဆုံ၍ ရခိုင်ပြည်နယ် လျှပ်စစ်စွမ်းအား တိုးတက်မြင့်မားရေးဆိုင်ရာများ မှာကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးခင်ယုဇော်က ပြည်သူများ လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ဌာနပိုင်မီးစက်များ၊ ပုဂ္ဂလိကပိုင် စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေ၊ စီမံကိန်းလျာထား သတ်မှတ်ချက်ပြည့်မီစေရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရခိုင်ပြည်နယ်သည် နိုင်ငံတော်၏ အနောက်ဘက်ဒေသတွင် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ဆက်သွယ်မှုကောင်းမွန်ပြီး ဒေသအတွင်း အချက်အချာကျသည့် နေရာဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်သည့် Generation Transmission နှင့် Distribution လုပ်ငန်းများကို ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် အသေးစိတ်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ငွေသွင်းကောင်တာများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂၃

၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သော ဂျပန်နိုင်ငံ ဘုရင်မင်းမြတ် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာမာဆာဟီကို ကိုမုရထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကွင်းဆင်းဆောင်ရွက်

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki နှင့်အဖွဲ့ဝင်များ ကျိုင်းတုံမြို့နယ် နောင်ငင်းကျေးရွာတွင် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (မွေး/ကု)

ဆရာတော်မွေးနေ့နှင့် ရေစက်ချမင်္ဂလာ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၏ သက်တော်(၆၁)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် ပထမအကြိမ် ငွေပဒေသာပင်များ ရေစက်ချအလှူမင်္ဂလာသဘင်ကို (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက်) ၃၀-၁၂-၂၀၀၇ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းနှင့် အလှူရှင်များအားဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ အကြီးတန်းအကြံပေးပုဂ္ဂိုလ်နှင့် အဖွဲ့ ကျိုင်းတုံမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းများကို ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၂

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) အကြီးတန်း ပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Masao Sasaki နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအုန်းကျော်တို့သည် ဒီဇင်ဘာ ၁ ရက်တွင် ကျိုင်းတုံမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်း၌ ပြည်နယ်ဦးစီးမှူးနှင့် ကျိုင်းတုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ ရောဂါရှာဖွေရေးနှင့် ရောဂါစူးစမ်းလေ့လာရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်နှင့်မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းမှ ပညာရှင်များနှင့်တွေ့ဆုံ၍ ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ရောဂါစူးစမ်းလေ့လာရေးလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် နောင်ငင်းကျေးရွာ၊ ကတ်ထိုက်ကျေးရွာ၊ မိုင်းဇင်းကျေးရွာတို့သို့ ကွင်းဆင်း၍ ရောဂါထိန်းချုပ်ရေးနှင့် စူးစမ်းရှာဖွေရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအကြံပြုခြင်း၊ ရောဂါထိန်းချုပ်ဇုန်ပြင်ပရှိ ကျေးရွာများတွင် ကြက်၊ ဘဲ မွေးမြူမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အစီအစဉ်အရ ပေးပို့ထား သည့်ပစ္စည်းများအား စနစ်တကျအသုံးပြုမှုကို လေ့လာကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့အပြင် Dr. Masao Sasaki နှင့်ညွှန်ကြားရေးမှူး ဒေါက်တာ အုန်းကျော်တို့သည် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂ ရက်တွင် ကျိုင်းတုံ မြို့တော်ခန်းမ၌ ကျင်းပသော ကြက်ငှက်တုပ်ကွေး ရောဂါဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ၃ ရက်မှ ၅ ရက်အထိ ကျိုင်းတုံ ဟိုတယ်သစ်၌ ကျင်းပသော ကြက်ငှက်တုပ်ကွေးရောဂါ ဆက်သွယ်အသိပေးမှု လေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲတို့သို့ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"ဖန်ဆင်းရှင်သုံးဦး" တရားတော် အရှင်ဇဝန(မေတ္တာရှင်ဆရာတော်)
၇း၄၅-၁း၄၅	Soccer Update
၈း၀၀-၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅-၂း၀၅	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၀၀-၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅-၃း၀၅	အရသာတစ်မူထူးခြားကိုရီးယားအစားအစာများ (ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲ)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ဘိန္နကရာဇ်နွယ်ဖွားတို့၏ကြွင်းကျန်ရစ်သော
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	အန္တရာယ်ကင်းသောမိခင်ဘဝ(ဒေါက်တာသိန်းသိန်းဌေး)
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	အဏုဇီဝတွင်းထွက်ရတနာ
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	မဈှိမအလင်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅-၅း၁၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (မွေးမြူရေးအစာထုတ်လုပ်ရေး)
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	Euro Goals
၁၂း၀၅-၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀-၆း၁၀	ဥမင်တူးမြောင်းဆက်သွယ်ကောင်းရေပေးရေကူ စံနမူစိုက်ပျိုးရေးအတွက်ဖေးမကူ
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၂၅	Man Utd-Everton	ESPN(Live)
၈း၃၀	Newcastle-Derby	ESPN(Live)
၁၀း၃၅	Blackburn-Chelsea	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Inter Milan-AC Milan	5-Cartoons(Live)

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ONGC VIDESH LIMITED သည် ရခိုင်ကမ်းလွန် ရေနက်ပိုင်းလုပ်ကွက် အမှတ် AD-2, AD-3 နှင့် AD-9 တို့တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် M/V Prof- Kurenstov (call sign: UAMM) ဖြင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၀၈ ခုနှစ် ဇွန် ၁၅ ရက်ထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey တိုင်းတာရေးဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းမှာ လုပ်ကွက်အမှတ် AD-2 တွင် Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ လုပ်ကွက်အမှတ် AD-3 တွင် Point A မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၁ မိနစ် ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ လုပ်ကွက်အမှတ် AD-9 တွင် Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၀ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၁၂ မိနစ် ၀၀ စက္ကန့်တို့ဖြစ်သည်။

သို့ဖြစ်၍ 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် M/V Prof-Kurenstov (call sign: UAMM) ဖြင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၀၈ ခုနှစ် ဇွန် ၁၅ ရက်ခန့်အထိ ဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariner's)ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းခြင်းများမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒီဇင်ဘာ ၇ ရက်က ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာန မင်္ဂလာတောင်ညွန့် မူလတန်းကြိုကျောင်းရင်သွေးငယ်တို့၏ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျောင်းခန်းမဆောင်၌ ကျင်းပရာ တိုင်းအရာရှိ ဒေါ်ရီရီရွှေက တန်းခွဲ C မှ အကြီးတန်း ကဗျာရွတ်ပြိုင်ပွဲတွင် ပထမဆုရရှိသော သားငယ်မောင်စိုးဝေယံထက်အား ဆုချီးမြှင့်ပေးအပ်စဉ်။ (၄၁)

ကျန်းမာရေးပညာပေးဆောင်းပါး

ရာသီပြောင်း

ဒေါက်တာ ခင်မောင်လွင်

ဖန်လုံအိမ်အာနိသင်ကြောင့်ကမ္ဘာကြီးပူနွေးလာသည်ဟု သုတေသီတို့ကဆိုကြ၏။ သဘာဝမဟုတ် လူလုပ်ဓာတ်ခိုးဓာတ်ငွေ့တွေ၊ သဘာဝပျက်မှုတွေ များလေလေ ရာသီဥတုမညီမျှမှု များလေလေမို့ နိုင်ငံတကာ အတိုင်းအတာဖြင့် ပြုပြင်ဖို့ ကြိုးစားနေကြ၏။ ထိုကာလအတွင်း မိုးများလေ့ရှိသော ဒေသများတွင် ရေလျှံကုန်၏။ ခြောက်သွေ့ရာသီများတွင် တောမီးလောင်ကုန်၏။ ရေခဲပြင် ရေခဲတောင်တွေအရည်ပျော်၏။ ရေကန်တွေ ပျောက်၏။ မီးတောင်များ၊ ငလျင်ကြောများ အလှုပ်များ ကုန်၏။

ဤကဲ့သို့မြင်သာသော အပြောင်းအလဲများ ရှိသလို၊ မမြင်သာသော အပြောင်းအလဲများလည်း ရှိလာ၏။ ရာသီပြောင်းကြောင့် ဒုက္ခရောက်ရသည့်လူ၊ တိရစ္ဆာန်၊ သစ်ပင်၊ ဝန်းကျင်များရှိသလို ရာသီပြောင်းကို အခွင့်ကောင်းယူ၍ တစ်စခန်းထလာကြသော ရောဂါပိုးများ၊ ရောဂါသစ်များရှိလာ၏။ ရောဂါဟောင်းများတွင် သွေးလွန်တုပ်ကွေးပါ၏။ ခွာနာလျှာနာပါ၏။ လူတွေမှာဖြစ်လာသဖြင့် ခွာနာလျှာနာကိုလက်၊ ခြေ၊ ပါးစပ်နာဟု ဘာသာပြန်နေရ၏။ ရောဂါသစ်ထဲတွင် ပိုးသစ်ကြောင့်ဖြစ်လာသော ကြက်ငှက်တုပ်ကွေးပါ၏။ အမျိုးအမည် မဖော်နိုင်သေးသော ရောဂါပေါင်းများစွာလည်းပေါ်နေ၏။

ရေပြောင်း မြေပြောင်းကို အထူးသတိထားလေ့ရှိသော မြန်မာတို့အနေဖြင့်ရာသီပြောင်းကို အထူးသတိပြုသင့်လှ၏။ ကျန်းမာသော ရုပ်နာမ်ခန္ဓာ၊ ကျန်းမာသော ပတ်ဝန်းကျင်ကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်မှသာလျှင် ကျရောက်လာနိုင်ဖွယ် ရောဂါအန္တရာယ်ဒဏ်ကို ကြံ့ကြံ့ခံနိုင်လိမ့်မည်။

အထူးသဖြင့် သွေးလွန်တုပ်ကွေးဒဏ်ကိုခံနိုင်အောင် ပြင်ဆင်ဖို့လို၏။ **"မြင်ဖန်များတော့ငယ်"** ဆိုစကားရှိ၏။ သွေးလွန်တုပ်ကွေးမြင်ဖူးလှပြီဖြစ်၍ ဤရောဂါ၏အန္တရာယ်ကို ငယ်သည်ထင်သွား၏။ **"ကုရာနတ္ထိ ဆေးမရှိ"** ဆိုစကားသည်သွေးလွန်တုပ်ကွေးနှင့်လည်း သက်ဆိုင်နေကြောင်း မေ့ထား၍မဖြစ်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများမှာ သွေးလွန်တုပ်ကွေး အသံကျယ်လာ၏။ အသေအပျောက်များလာ၏။ အချို့က လူတွေကြောင့်ဟုဆို၏။ အချို့က ခြင်တွေကြောင့် ဟုဆို၏။ အချို့က ဗိုင်းရပ်(စ်)ပိုးတွေကြောင့်ဟုဆို၏။ သုံးမျိုးပေါင်းသာဖြစ်ပါ၏။

(၁) **လူတွေသည် သွေးလွန်တုပ်ကွေးရောဂါပေးမည့် ခြင်ကျားများကို မိမိတို့အိမ်များ၊ ကျောင်းများ၊ ရပ်ရွာများတွင် ပေါက်ပွားခွင့်ပြုထားကြ၏။ ခြင်လောက်လမ်းကို ရန်သူသားလောင်းဟု သဘောမထား။**

(၂) **ခြင်အားလုံးသည် ပူနွေးစွတ်စိုသော ကမ္ဘာကြီးကို သဘောတွေ့ပုံရ၏။ မြန်မြန်ပေါက်များများ ပွား၏။ အအေးလျော့တောင်များပေါ်သို့ မြင့်မြင့်တက်၏။ ဝေးဝေးပျံ၏။ မြန်မြန်နှင့် များများကိုက်၏။**

(၃) **ဗိုင်းရပ်(စ်)ပိုးအားလုံးနီးပါးသည် ပူနွေးစွတ်စိုမှုကို အခွင့်ကောင်းယူ၏။ မြန်မြန်ပေါက်များများ ပွား၏။ ကူးစက်အားကောင်း၏။ သေပျောက်နှုန်းများစေ၏။**

အထက်ပါအကြောင်းရင်း သုံးခုဆုံသောအခါ သွေးလွန်တုပ်ကွေးတိုက်ပွဲမှာ လူသားတို့ အကျအဆုံးများ၏။ မြင်မှယုံမည် (Seeing is believing) ဟုယူဆသော လူတို့သည် ဗိုင်းရပ်(စ်)ကြောင့် သွေးလွန်တုပ်ကွေးဖြစ်သည်ဟုမယုံ။ ခြင်ကောင်ကိုက်လျှင် ရောဂါပိုးတွေ ထိုးထည့်သွားသည်ကိုမယုံ။ ခြင်လောက်လမ်းတွေထဲမှာကို ပိုးမျိုးပါနေကြောင်းမသိ။ လောက်လမ်းမှ ခြင်ဖြစ်လာမည်ကို သတိမထားမိ၍ မကြောက်၊ ခြင်သေးသေးကို အထင်သေးသေးရှိသောကြောင့် အဆုံးအရှုံး ကြီးမားလေတော့၏။

ကျွန်ုပ်တို့သည် ခြင်များနှင့်တိုက်ပွဲဝင်နေကြရပါ၏။ လူတိုင်းပင်ဖြစ်ပါသည်။ ခြင်ကိုချစ်သူမရှိ၊ လက်ဖြင့်ရိုက်၏။ လျှပ်စစ်ဘက်တံဖြင့်ရိုက်၏။ ဆန္ဒင်းမှိုင်း (နန္ဒင်း)တိုက်၏။ ခြင်နိုင်ဆေးထွန်း၏။ ခြင်သေဆေးဖျန်း၏။ သို့စဉ်လျက် ခြင်များကားပွားမြဲ၊ များဆဲ၊ ကိုက်ဆဲ။ ခြင်ဆန်ခါဖြင့် နေ၏။ ခြင်ထောင်ထဲနေ၏။ ခြင်တွေကတော့ရအောင်ကိုက်မြဲ။

အဘယ်ကြောင့်နည်း။ မပြေးနိုင်၊ မပျံနိုင်သော လောက်လမ်းများကို ပြတ်သားစွာနှိမ်နင်းရန် မေ့လျော့နေသောကြောင့်တည်း။

ထို့ကြောင့်

(၁) **ခြင်လောက်လမ်းကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲနှိမ်နင်းပါ။ (Total) (ခြင်နှိမ်ရန်ဓားမလို၊အိမ်တိုင်း၊ရပ်ရွာတိုင်းမှာ ဖုံး၊သွန်၊လဲ၊ စစ်လုပ်ဖို့သာ လို၏)**

(၂) **လောက်လမ်းမှန်သမျှ ကျူပင်ခုတ်ကျူငုတ်မကျန်ရှင်းပါ။** (Complete) **(လောက်လမ်းပေါက်တတ်သောနေရာများကို ရှာတတ်ဖို့လို၏။ ရေမြောင်းထဲက၊ ရေညစ်ထဲမှာ ပေါက်သော လောက်လမ်းမဟုတ်၊ ရေကြည်ရေသန့်မှာရှာပါ။)**

(၃) **အသိမြဲစွာ၊ သတိမြဲစွာ၊ ပုံမှန်ဆောင်ရွက်ပါ။ (Regular) (ကိုယ်တိုင်ဆောင်ရွက်ပါ။ မိသားစုတာဝန်ခွဲပါ။ ရပ်ထဲရွာထဲ အမြဲပူးပေါင်းဆောင်ရွက်ပါ)**

ဤအလုပ်များကို တစ်နှစ်ပတ်လုံးဆောင်ရွက်သွားရန်လိုလာပါသည်။ သွေးလွန်တုပ်ကွေးသည် ယခုအခါ **"မရွေးသုံးပါး"** နှင့် ဖြစ်ပွားလာသောကြောင့်ပင်။

(၁) အချိန်မရွေး သွေးလွန်တုပ်ကွေးဖြစ်နိုင်သည်။

(၂) နေရာမရွေး သွေးလွန်တုပ်ကွေးဖြစ်နိုင်သည်။

(၃) အရွယ်မရွေးသွေးလွန်တုပ်ကွေးဖြစ်နိုင်သည်။

ထပ်ဖြည့်၍ ဆိုရပါလျှင် မြို့ပြနှင့် ကျေးလက်မခွဲခြားဘဲ သွေးလွန်တုပ်ကွေးပျံ့နှံ့နေ၏။ ဆင်းရဲချမ်းသာ မရွေး သွေးလွန်တုပ်ကွေးဖြစ်၏။ ရောဂါဖြစ်မှန်း စောစောသိလျှင်၊ စနစ်တကျ ကုသခွင့်ရလျှင် အသက်အန္တရာယ်ကာကွယ်နိုင်၏။

သို့သော် ဆေးရုံနှင့် အလှမ်းဝေးသော ကျေးလက်သို့ သွေးလွန်တုပ်ကွေး အသိပညာဦးစွာရောက်ဖို့လိုပေသည်။ ။

ကမာရွတ်မြို့နယ်ရှိ နေအိမ်ခန်းတစ်ခုမှ စိန်ရွှေပစ္စည်းများ ခိုးယူခံရ

ရန်ကုန် **ဒီဇင်ဘာ** ၂၂

ကမာရွတ်မြို့နယ် အမှတ် (၅) ရပ်ကွက် ကျောင်းလမ်းရှိ မတင်မိုးမြင့် (၂၈) နှစ် (ဘ)ဦးတင်မြင့်၏ နေအိမ် ခန်း၌ ဒီဇင်ဘာ ၁၈ရက် ညနေပိုင်းက နေအိမ်အိပ်ခန်းရှိ ဗီရိုအံဆွဲအတွင်း ထည့်ထားသည့် တန်ဖိုးငွေကျပ် ၁၀၃၀၀၀၀ ခန့်တန် စိန်ပွင့် ၁၃၂ ပွင့်ပါ ရွှေဆွဲပြားတစ်ခု၊ တန်ဖိုး ငွေကျပ် ၅၂၀၀၀၀ ခန့်တန် ရွှေဆွဲကြိုးတစ်ကုံး၊ တန်ဖိုး ငွေကျပ် ၇၀၀၀၀၀ ခန့်တန် စိန်ပွင့် ၂၄ ပွင့်ပါ လက်ကောက် တစ်ကွင်း၊ တန်ဖိုး ငွေကျပ် ၅၃၀၀၀၀ ခန့်တန် စိန်ပွင့် ၆၄ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀ ခန့်ရှိ စိန်ရွှေရတနာပစ္စည်းများ ပျောက်ဆုံးခဲ့ရာ ဖြစ်စဉ်နှင့်ပတ်သက်၍ မတင်မိုးမြင့်က ကမာရွတ်မြို့နယ် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားသည်။ ရဲစခန်းက(ပ)သတင်းချက်အမှတ် ၄၄၃/၂၀၀၇ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ဖြင့် အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ်လုံးကျွတ်ဆိုင်ရာ အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

ကြို့ပင်ကောက်မြို့လုံးဆိုင်ရာ ဧကဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကြို့ပင်ကောက်မြို့ အထက၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည်။

ဆရာကြီး၊ ဆရာမကြီး ၂၀၆ဦးတို့အား လှူဒါန်းပူဇော်ငွေ စုစုပေါင်း ကျပ် ၄၅ သိန်းခန့်ဖြင့် ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် တပည့် ကျောင်းသား၊ ကျောင်းသူများက ပူဇော်ကန်တော့ကြသည်။

ယင်းပူဇော်ပွဲမတိုင်မီ အကြိုအဖြစ် ဒီဇင်ဘာ ၁၅ ရက်က ကြို့ပင်ကောက်မြို့ စာဖြေဌာနတွင် ၂၀၀၇ ခုနှစ် မတ်လက ကျင်းပပြီးခဲ့သည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာရရှိသူနှစ်ဦး အပါအဝင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၃၅ ဦးတို့အား ငွေကျပ် ၁၁ သိန်းကျော် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ **(က-ပ)**

ဂါရဝပြု

အာစရိယပူဇော်ပွဲတွင် ဆရာမကြီး ဒေါ်ခင်စုအား ကြို့ပင်ကောက်မြို့နယ်အသင်း ဒုတိယ ဥက္ကဋ္ဌ ဦးတင်မြင့်က ဂုဏ်ပြုလက်ဆောင်ဖြင့် ဂါရဝပြုစဉ်။ (က-ပ)

ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက် မိုးကုတ်တရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက်၌ မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၆ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရ ရိပ်သာကျောင်း၏ ဦးစီးနာယက ဓမ္မာရုံကျောင်း၏ ပဓာနနာယက ဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ B.A) ကကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ကျောင်းအတွင်း သုံးထပ်ဓမ္မာရုံတော်အတွက် လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁၃၇၀၈၆ နှင့် ၃၈၂၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အသင်း ပဉ္စမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် **ဒီဇင်ဘာ** ၂၂

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း ပဉ္စမအကြိမ်နှစ်ပတ်လည် အစည်းအဝေးကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Hotel Nikko ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဒေါက်တာတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ကပ္ပတိန် မင်းစိန်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ကပ္ပတိန် မင်းစိန်က သီးခြားလွတ်လပ်သည့် အကဲဖြတ်စိစစ်ရေးအဖွဲ့အား ဂုဏ်ပြုလွှာအပ်နှင်းရာ အဖွဲ့ခေါင်းဆောင် ဒေါက်တာတင်လှိုင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ကပ္ပတိန် စိုးမင်းအောင်က ဖတ်ကြားတင်သွင်းပြီး သဘာပတိက တက်ရောက်လာကြသူ အသင်းသားများထံမှ သဘောထားရယူ၍ အတည်ပြုကြောင်း ကြေညာသည်။ ယင်းနောက် ဘဏ္ဍာရေးမှူး ကပ္ပတိန်ဌေးမြင့်က ၂၀၀၆-၂၀၀၇ ခုနှစ် ဘဏ္ဍာရေးအစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်သွင်းပြီး သဘာပတိက သဘောထားရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အတွင်းရေးမှူး ကပ္ပတိန် စိုးမင်းအောင်က အသင်းသားများထံမှ ကြိုတင်ပေးပို့ထားသည့် အကြံပေး၊ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပြီး မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း ဖွဲ့စည်းပုံစည်းမျဉ်းအား ဖြည့်စွက်ရေးသားရန် အဆိုပြုလွှာကိုဖတ်ကြားတင်သွင်းရာ သဘာပတိက အဆိုပြုလွှာနှင့်စပ်လျဉ်း၍ အသင်းသားများထံမှ သဘောထားရယူပြီး အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ကွယ်လွန်သူ သင်္ဘောသား ဦးမြင့်ဦး(A/B)၏ နစ်နာကြေးရရှိရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းအား ကျန်ရစ်သူ ဇနီး ဒေါ်အေးအေးမာက ကျေးဇူးတင်စကား ပြောကြားပြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် လူထုဆက်သွယ်ရေးပစ္စည်း စာအုပ်၊ စာစောင် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာကျေးရွာ အုပ်စု ပုလဲ-၃ တွင် ဒီဇင်ဘာ ၁၄ ရက်က ပုလဲရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ငွေပဒေသာပင်၊ ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးနောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပုလဲရတနာ စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်၊ လူထုဆက်သွယ်ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၁ လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံး **(အောက်ပုံ)**နှင့် သုတ၊ ရသ စာအုပ်၊စာစောင်၊ မဂ္ဂဇင်း အုပ်ရေ၅၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ရေဒီယိုတစ်လုံးနှင့် ငွေကျပ် ၁၅၂၇၀၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ် ၅၀၀၊ ပုလဲရတနာ စာကြည့်တိုက် ဥက္ကဋ္ဌ ဦးသောင်းညွန့်က ငွေကျပ်နှစ်သောင်း၊ စာကြည့်တိုက် နာယက ဒေါ်မြသိန်းက ငွေကျပ် တစ်သောင်း၊ ဦးရဲထွန်းက ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းသည်။ စုစုပေါင်း လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးမှာ ကျပ်ကျပ်၆၃၄၉၀၀ ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။



ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းနေသည့် မြန်မာ့ဆေးဖက်ဝင်သစ်ခွများ တစ်သျှူးမျိုးပွား ထုတ်လုပ်နေ

သတင်းဆောင်းပါး—ဝင်းနိုင်(ကြေးမုံ)

ဓာတ်ပုံ—ငွေးအောင်(ကြေးမုံ)

ရန်ကုန် ဒီဇင်ဘာ ၂၂

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ ရာသီဥတုသဘာဝအနေအထားအရ သစ်တောကြီးများ ထူထပ်စွာ ပေါက်ရောက်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ထိုသစ်တောများတွင် ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းစသည့် အဖိုးတန်သစ်များအပြင် ဆေးဖက်ဝင်အပင်များစွာလည်း ပေါက်ရောက်သည်။ ဆေးဖက်ဝင်အပင်များစွာအနက် မြန်မာ့ဆေးဖက်ဝင်သစ်ခွသည် ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းလျက်ရှိသည်။

ဒိုးကွင်းစိုက်ပျိုးရေးခြံမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ယဉ်ယဉ်မာ ရှင်းလင်းပြသစဉ်။

ဆေးဖက်ဝင်သစ်ခွများကိုကုန်ကြမ်းထုတ်လုပ်၍ ပို့ကုန်အမည်သစ်တစ်ခုအနေဖြင့် ရှာဖွေဖော်ထုတ်ရန်နှင့် ပြည်တွင်းဆေးဝါးကုန်ကြမ်းအတွက် ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆေးဖက်ဝင်သစ်ခွများကို သဘာဝအလေ့အထမှ စနစ်တကျစိုက်ပျိုးရေးစိုက်ခင်းအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်းစိုက်ပျိုးရေးခြံ(ပြင်ဦးလွင်)၌ သုတေသနပြုစိုက်ပျိုးလျက်ရှိသည်။

ဆေးဖက်ဝင်သစ်ခွများသည် တောတောင်များအတွင်း သဘာဝအလျောက်ပေါက်သည့် သစ်ခွမျိုးရင်းဝင် အပင်အုပ်စုများဖြစ်ပြီး အများစုမှာ လက်တံရှည်မျိုးများဖြစ်သည်။ ဆေးဖက်ဝင်သစ်ခွအုပ်စုများမှာ ကြံ့ဗဟုန်းသစ်ခွနှင့် ကျောက်စိမ်းသစ်ခွတို့ ဖြစ်သည်။ ဆေးဖက်ဝင်သစ်ခွများကို တိုင်းရင်းဆေးနည်းပညာဖြင့် သစ်ခွအပင်၏ ပင်စည်ကို အပူပေးအခြောက်ခံ၍ လူသုံးဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုကြသည်။

ဆေးဖက်ဝင်သစ်ခွများကို အပင်တစ်သျှူးနည်းဖြင့် မျိုးပွားထားပုံ။

ဆေးဖက်ဝင်သစ်ခွများကို သားတက်မွေးမြူနည်းစနစ်ဖြင့် ပျိုးထောင်ထားပုံ။

မြန်မာနိုင်ငံတွင်သစ်ခွမျိုးစု၊ မျိုးစိတ်ပေါင်း ၁၀၀၀ကျော်ရှိပြီး ဆေးဖက်ဝင် သစ်ခွမျိုးစိတ်ပေါင်း ၅၀ကျော် အနက်ဒိုးကွင်းစိုက်ပျိုးရေးခြံတွင် မျိုးစိတ်ပေါင်း ၂၀ ကျော်ကို သုတေသနပြုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အသည်း အားဆေး ထုတ်လုပ်ရာတွင် ဆေးဝါးကုန်ကြမ်းအဖြစ် အသုံးပြုသော မြဆစ်ကြိုးသစ်ခွပင်ကို တွေ့ရစဉ်။

သဘာဝတောတောင်များတွင်ပေါက်သော ဆေးဖက်ဝင်သစ်ခွများသည် အများအားဖြင့် သစ်ပင်များ၏ အကိုင်းအခက် ပင်စည်များတွင် တွယ်ကပ်ပေါက်ကြသည်။ ဆေးဖက်ဝင်သစ်ခွများသည် ပင်စည်လျှောက်များဖြစ်သောကြောင့် ပန်းပွင့်ပြီးနောက် သားတက်အသစ်ထွက်ရှိပြီးတစ်နှစ်အတွင်း ပန်းပွင့်ရာသီရောက်မည့်ကာလတွင် အပင်သစ်အရွယ်ရောက်ကာ ပန်းထပ်မံပွင့်လာသည်။ ပန်းပွင့်စဉ် အင်းဆက်ပိုး၏ အကူအညီဖြင့် ပန်းပွင့်မျိုးစပ်အသီးတင်ကြသည်။ အသီးသီးပြီး လေးလမှ ခြောက်လကြာသောအခါ အသီးရင့်မှည့်ပြီး ပေါက်ကွဲကာ သေးငယ်သော မျိုးစေ့များ လေထဲတွင်လွင့်၍ အနီးဝန်းကျင် သစ်ခေါက်များသို့တွယ်ကပ်ပြီး အပင်ငယ်များ ပေါက်လာကြပြန်သည်။ ထိုနည်းကိုနမူနာယူ၍ သစ်ခွများ မျိုးမသုဉ်းစေရန် အပင်ကျန်စနစ်ဖြင့် မျိုးယူပြီး အိုးဖြင့်စိုက်ပျိုးခြင်း၊ သစ်သားခြင်းများဖြင့်စိုက်ပျိုးခြင်း၊ စင်တင်စနစ်ဖြင့်စိုက်ပျိုးခြင်း၊ ချိတ်ဆွဲစနစ်၊ တိုင်ထောင်စနစ်၊ အပင်ကြီးများတွင် တွယ်ကပ်စနစ် စသည်တို့ဖြင့်စိုက်ပျိုးရသည်။ မျိုးပွားရာတွင်လည်း ပင်စည်မှ တစ်ဆင့်မျိုးပွားယူခြင်း (သားတက်မွေးမြူနည်း)၊ အသီးစိမ်းမှတစ်ဆင့် မျိုးပွားယူခြင်းနှင့် တစ်သျှူးမျိုးပွားနည်းဖြင့်မျိုးပွားကြောင်း၊ ဆေးဖက်ဝင်သစ်ခွတို့၏ သဘာဝအလေ့အထ၊ စိုက်စနစ်၊ မျိုးယူ၊ မျိုးပွားပုံများကို ဒိုးကွင်းစိုက်ပျိုးရေးခြံမှ ဒေါ်ယဉ်ယဉ်မာက ရှင်းလင်းပြောကြားသည်။

ဆေးဖက်ဝင်သစ်ခွများကို တိုင်ထောင်နည်းစနစ်ဖြင့် စိုက်ပျိုးထားစဉ်။

ဒိုးကွင်းစိုက်ပျိုးရေးခြံတွင် ဒေါင်းမြီးသစ်ခွ၊ ဆင်မျက်ကွင်း၊ ဝါဆိုပန်းသစ်ခွ၊ အာမဲလက်တံရှည်၊ အာမဲလက်တံတို၊ မြက်သစ်ခွစသည်ဖြင့် ဆေးဖက်ဝင်သစ်ခွမျိုးပေါင်း ၂၀ ကျော်ကို အားဆေး၊ အာရုံကြောဆေး၊ သွေးကျဲဆေး၊ အဖျားပျောက်ဆေး၊ အသည်းအားဆေးများအတွက် ဆေးဝါးကုန်ကြမ်းအဖြစ်ထုတ်လုပ်ရန် စိုက်ပျိုးထားခြင်းဖြစ်သည်။

ဆေးဖက်ဝင်သစ်ခွအပြင် မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံအတွက် ငှက်ဖျားပျောက်ဆေး ထုတ်လုပ်ရန် ဒေါနရွှေဝါ(အာတီမီးစီးယား)စိုက်ခင်း၊ ဟိုတယ်ဇုန်များအတွက် ဖြည့်ဆည်းပေးရန် ကညွတ်၊ ဆလပ်စိုက်ခင်းနှင့် အဆင့်မြင့်နည်းပညာများကို တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖြန့်ဝေနိုင်ရန် သုတေသနစိုက်ခင်းများကိုလည်း တွေ့ခဲ့ရသည်။

ယခုအခါ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)ကို တည်ဆောက်ဖွင့်လှစ်ပြီး ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေး၊ဆေးမှုန့်၊ သွေးကြောသွင်းဆေးရည်များကို ထုတ်လုပ်လျက်ရှိရာ ဒေသခံတောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဆေးဖက်ဝင်သစ်ခွအပြင် အခြားဆေးဝါးကုန်ကြမ်းပင်များကို ပြည်တွင်းလိုအပ်ချက်သာမက ပြည်ပသို့ တင်ပို့နိုင်သည်အထိ စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဆက်သွယ်၍ စိုက်ပျိုးနည်းပညာ၊ ပြုစုပျိုးထောင်ပုံ ပျိုးထောင်နည်း၊ မျိုးပွားနည်းများကိုရယူ၍ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ရန် အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီဖြစ်သည်။ ။

ကျိုက်ထီးရိုးရင်ပြင်တော်တွင် ဘုရားဖူး ပရိသတ်များဖြင့် စည်ကားလျက်ရှိသည်ကို ဒီဇင်ဘာ ၁၅ရက်က တွေ့ရစဉ်။

ဦးခိုက်ပူဇော် ကျိုက်ထီးရိုး မြတ်စေတီတော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ–အောင်အောင်

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့် (၂၆–၁၀–၂၀၀၇) နေ့က ကျင်းပခဲ့သည်။

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီ တော်မြတ်ကြီးသည် ပေ ၄၀၀၀ နီးပါး မြင့်ကာ မတ်စောက်သည့် ချောက်ကမ်းပါးအစွန်း လူဦးခေါင်း (ရသေ့ဦးခေါင်း)ပုံ လုံးပတ် ပေ ၅၀ခန့်ရှိသော ကျောက်တုံးပေါ်တွင် တည်ထားသည်။ စေတီတော်မှာ ဉာဏ်တော် ၁၅ ပေခန့်မြင့်သည်။ ၂၀၀၁ခုနှစ် မတ်လတွင် စေတီတော်အား ထီးတော်အသစ် တင်လှူခဲ့သည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများသည် ရှေးဦးစွာ ကျိုက်ထိုမြို့သို့ အရောက်သွားကြသည်။ ကျိုက်ထိုမြို့မှတစ်ဆင့် ၁၂မိုင် ၃ဖာလုံ ခန့်ဝေးသည့် တောင်ခြေရှိ ကင်ပွန်းစခန်းသို့ ခရီးဆက်ကြသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ပြည်တွင်းဘုရားဖူးများအပြင် နိုင်ငံခြားသားများလည်း လာရောက်ကြသည်။

ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်နှင့် ရင်ပြင်တော်တွင် ၁၅–၁၂–၂၀၀၇ရက်က ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ကင်ပွန်းစခန်းသည် အနယ်နယ်မှ ဘုရားဖူးများ ခရီးတစ်ထောက် နားခိုရာဖြစ်သည်။ ကင်ပွန်းစခန်းတွင် ကားရပ်နားရန် နေရာများရှိသည်။ စားသောက်ဆိုင်များလည်း ရှိသည်။ စားသောက်ဆိုင်များသည် ဘုရားဖူး ခရီးသည်များအား နားနေအိပ်စက်ခွင့်၊ မျက်နှာသစ် ခြေလက်သန့်ရှင်းခွင့်၊ သန့်စင်ခန်းသုံးခွင့် တို့ကို အခမဲ့ခွင့်ပြုပေးထားသည်။ ရေချိုးလိုက ချိုးနိုင်သည်။ ရေချိုးခ ကျပ် ၂၀၀ ဖြစ်သည်။

ကင်ပွန်းစခန်းမှသည် ကျိုက်ထီးရိုးရင်ပြင်သို့ လမ်းနှစ်သွယ်ဖြင့် တက်ရောက်ကြည်ညိုနိုင်သည်။ ခြေကျင်လမ်းနှင့် မော်တော်ကားလမ်းဖြစ်သည်။ ခြေကျင်လမ်းမှာ ၇ မိုင် ၂ဖာလုံဝေးသည်။ မော်တော်ကားလမ်းမှာ ၉မိုင် ၂ဖာလုံ ဝေးသည်။

ကျိုက်ထီးရိုး စေတီတော်သို့ မော်တော်ကားလမ်း ဖောက်ထားသော်လည်း ခွင့်ပြုထားသော တောင်တက်ကားအသင်းမှ ယာဉ်များမှတစ်ပါး အခြားကားများ တက်ရောက်ခြင်းကို တားမြစ်ထားသည်။ တောင်တက်ကားအသင်းမှ ကားများကိုလည်း ဂေါပကအဖွဲ့ဝင်များက ကြီးကြပ်လျက်ရှိသည်။

တောင်တက်ယာဉ်ကို နံနက် ၆နာရီတွင် ဂိတ်ဖွင့်သည်။ ညနေ ၆နာရီတွင် ဂိတ်ပိတ်သည်။ ယာဉ်တစ်စီးလျှင် ခရီးသည် ၄၂ဦးမှ ၄၅ဦး ထိတင်သည်။ ကင်ပွန်းစခန်းမှ ရသေ့တောင်အထိ ပို့ဆောင်ပေးသည်။ ယာဉ်စီးခမှာ တစ်ဦးကျပ် ၁၃၀၀ဖြစ်သည်။ ရသေ့တောင်မှ ရင်ပြင်သို့ ခြေကျင်တက်ကြရန် ဖြစ်သည်။ သို့သော် သက်ကြီးရွယ်အိုနှင့် ကျန်းမာရေးအားနည်းသူများအတွက် အထမ်းသမားနှင့် ယာဉ်စီစဉ်ပေးထားသည်။ ယာဉ်စီးခမှာ ကျပ်၁၃၀၀ပင် ဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တွင် တောင်ပေါ်ဂေါပကရုံးရှိသည်။ ၂၄နာရီ ဖွင့်ထားသည်။ ဂေါပကအဖွဲ့ဝင်များက ရောက်ရှိလာသည့် ဘုရားဖူးများ စိတ်လက်ကြည်လင်စွာ ဦးခိုက်ပူဇော်နိုင်ရန်နှင့် ကုသိုလ်တရားပွားများ လှူဒါန်းနိုင်ရန် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးတို့အတွက် တတ်စွမ်းသမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်ကို တွေ့ရသည်။

တောင်ပေါ်ရင်ပြင်တွင် ဘုရားဖူးခရီးသည် ၄၀၀၀ ကျော် တစ်ပြိုင်နက် တည်းခိုနိုင်သည့် တည်းခိုခန်းများ ရှိသည်။ စားသောက်ဆိုင်ကြီး ၁၈ဆိုင်တွင်လည်း လူ ၃၀၀၀ကျော်ခန့် တည်းခိုနိုင်ကြောင်း သိရသည်။ ဌာနဆိုင်ရာ ဓမ္မာရုံများလည်း ရှိသည်။ ရင်ပြင်ပေါ်တွင် ဖျာအငှားဆိုင်ရှိသည်။ ဖျာတစ်ချပ် ကျပ် ၅၀၀ ပေးရသည်။ ဖျာငှားခနှင့်အတူ စပေါ်ကျပ် ၁၀၀၀ ပေးရသည်။ ဖျာအပ်လျှင် ကျပ် ၁၀၀၀ ပြန်ပေးသည်။

ဘုရားဖူးများ စားသောက်ရေးအတွက် တောင်ပေါ်တွင် စားသောက်ဆိုင်ကြီး ၁၈ဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးနှစ်ဆိုင် ဖွင့်ထားသည်။ ထမင်းတစ်ခါပြင် ကျပ် ၁၅၀၀ ဖြစ်သည်။ ထမင်းချက်ပေးသည့် ဆိုင်ကလေးတစ်ဆိုင်လည်း ရှိသည်။ ဆန်တစ်ပြည်ချက်ခ ကျပ် ၁၀၀၀ ကျသင့်သည်။

စားသောက်ဆိုင်ခန်းများ ဘက်တွင် ရေချိုးဆိုင်များ ရှိသည်။ ဆိုင်နှစ်ဆိုင်ဖွင့်ခွင့် ပေးထားသည်။ ဘုရားကန်တော့ပွဲ ရောင်းချသည့်ဆိုင်၊ အရက်ဆွမ်း ရောင်းချသည့်ဆိုင် တို့ကိုလည်း ဖွင့်ခွင့်ပေးထားသည်။

အများဆုံး တွေ့ရသည်မှာ လမ်းဆိုင်ခန်းငယ်များ ဖြစ်သည်။ ကျီးပါးစပ်အဆင်းတွင် ၈၅ဆိုင်၊ ကျောက်ထပ်ကြီးဘက်တွင် ၅၆ဆိုင်ရှိသည်။ စုစုပေါင်း လမ်းဆိုင်ခန်းငယ် ၃၁၂ဆိုင်ရှိကြောင်း ဂေါပကအဖွဲ့ဝင် တစ်ဦးက ပြောပြသည်။ လမ်းဆိုင်ခန်းငယ်များတွင် ဒေသထွက် သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်နှင့် တိရစ္ဆာန်ထွက် အဆီများ ရောင်းချကြသည်။

ဘုရားဖူးပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်အောင်လည်း စီမံထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။ မွန်ပြည်နယ် ၁၀မြို့နယ်မှ ဆရာဝန်များက တစ်ဦးလျှင် ၁၄ရက်ကျစီ အလှည့်ကျ လာရောက်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ရင်ပြင်တော်၌ ကျေးလက် ကျန်းမာရေးဌာနကို ဖွဲ့စည်းပုံအပြည့်ဖြင့် ၂၄နာရီ ဖွင့်လှစ်၍ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိပါကြောင်း ကျန်းမာရေးမှူး ဦးသက်ထွေးက ရှင်းပြသည်။

ဘုရားဖူးပြည်သူများ ကျိုက်ထီးရိုး စေတီတော်ရောက်ခိုက် မိမိဒေသနှင့် အဆက်အသွယ်မပြတ်ဆောင်ရွက်နိုင်ရန် စာတိုက်ခွဲငယ်တစ်ခုနှင့် တယ်လီဖုန်းရုံများ ဖွင့်လှစ်ပေးထားသည်ကိုလည်း တွေ့ရသည်။ ဖုန်းမှာ အများပြည်သူသုံး တယ်လီဖုန်း (PCO) အပါအဝင် ၁၃ရုံရှိသည်။

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် စတင်ပြီး ကဆုန်လပြည့်နေ့အထိကျင်းပရာ ခုနစ်လတာကာလအတွင်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ တစ်နှစ်လျှင် နိုင်ငံခြားသား ဘုရားဖူးသုံးသောင်းကျော်နှင့် ပြည်တွင်းမှ ဘုရားဖူး ပြည်သူခုနစ်သိန်းကျော် လာရောက်ကြကြောင်း သိရသည်။

ဘုရားဖူးပြည်သူ အများစုမှာ ကင်ပွန်းစခန်းမှ နံနက်စောစော တောင်ပေါ်တက်ကြပြီး တစ်နေ့နှင့်တစ်ညရင်ပြင်ပေါ်နှင့် အနီးအနား လှည့်လည်လေ့လာကာ နောက်နေ့နံနက်စောစော အရုဏ်ဆွမ်းကပ်ပြီး ကင်ပွန်းစခန်းသို့ ပြန်လည်ထွက်ခွာကြစမြဲ ဖြစ်သည်။

ကင်ပွန်းစခန်းမှ စားသောက်ဆိုင်များသည် ဘုရားဖူးများအတွက် ကိုယ်လက်သန့်စင်ရာ၊ နားနေအပန်းဖြေရာ နေရာများဖြစ်သည်။

ကင်ပွန်းစခန်းသို့ ပြန်လည်ရောက်ရှိကြသော ဘုရားဖူးများမှာ ဒေသထွက်ကုန်များကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ကြစမြဲဖြစ်သည်။ ဝါးကို အခြေခံပြုလုပ်ထားသည့် လူသုံးကုန်နှင့် ကစားစရာများ၊ ဒေသထွက် ကတွတ်၊ စောင်းလျား၊ နာနတ်၊ သရက်၊ သင်္ဘော၊ ရှောက်၊ သံပရာ၊ ဒူးရင်း၊ ခရမ်းချဉ်၊ ချဉ်ပေါင်ဖူး၊ မရန်း၊ စွန်ပလွံစသည့်သစ်သီးယို (အချိုနှင့်အစပ်) တို့ကို ဝယ်ယူကြသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိပြီဖြစ်ရာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်သို့ ကြွရောက်ဦးခိုက်ဖူးမြော်ပူဇော်နိုင်ရန် နှိုးဆော်ရေးသားလိုက်ရပါသည်။

ဒီဇင်ဘာ ၂၃ရက် ညနေအထိ မိုးလေဝသခန့်မှန်းချက်

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

ထူးခြားသည့် ညအပူချိန်များ (၂၂–၁၂–၂၀၀၇)

ဟားခါး
(၀) ဒီဂရီစင်တီဂရိတ်

ပူတာအို၊ နမ့်စန်၊ မိုးကုတ်
(၅) ဒီဂရီစင်တီဂရိတ်

✻ ကျောဖုံးမှ

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးကဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးက လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ထုတ်လုပ်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရှမ်းရိုးမ နဂါးကုမ္ပဏီလီမိတက်က ကျောက်မီးသွေးထုတ်လုပ်လျက်ရှိသော ရှမ်းရိုးမနဂါးကျောက်မီးသွေးမိုင်းရှိ ရှုရပ်သို့ရောက်ရှိရာ ရှမ်းရိုးမနဂါးကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဦးလှိုင်ဝင်းအောင်က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ကျောက်မီးသွေး၏ အရည်အသွေးနှင့် လိုအပ်မှုပမာဏကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကျောက်မီးသွေးများကို တစ်ရက်လျှင် တန် ၂၀၀ ကျ တူးဖော်သယ်ပို့မှုလုပ်ငန်း၊ အပေါ်ယံမြေလွှာများဖယ်ထုတ်ခြင်း လုပ်ငန်း၊ အပေါ်ယံမြေလွှာများကို Conveyor Belt စက်များကို အသုံးပြု၍ စွန့်ပစ်စုပုံကွင်းသို့ပေးပို့ပြီး ဖြန့်ခင်းနေမှုလုပ်ငန်းနှင့် ကုမ္ပဏီရှိ ယန္တရားဝင်းအတွင်း လုပ်ငန်းသုံးမော်တော်ယာဉ်များကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

မော်လမြိုင်ကောလိပ် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

မော်လမြိုင်ကောလိပ် တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် အသက်(၆၅)နှစ် ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့်လည်း အလှူငွေများကို ဦးရဲမြင့် (၇၂-ဓာတု) ဖုန်း-၂၂၅၉၇၉၊ ၀၉၅၀၀၀ ၇၆၉၊ ဦးဝင်းနိုင် (၇၅-သင်္ချာ) ဖုန်း- ၂၀၁၈၆၇၊ ၀၉ ၅၁၀၉၄၄၁၊ ဦးမြင့်လွင် (၇၃-ရူပ) ဖုန်း-၂၀၄၀၂၁၊ ၀၉ ၅၀၁၅၆၈၄၊ ဦးဝင်းတီ (၇၂-ရူပ) ဖုန်း-၀၉ ၅၁၁၈၁၈၄၊ ဒေါ်ရီရီမြင့် (၆၉-ဓာတု) ဖုန်း- ၆၅၀၄၀၅၊ ၅၆၆၉၇၆၊ ဦးညီညီဝင်း- ဒေါ်စန်းစန်းဌေး (၆၉-ရူပ၊ ဓာတု) ဖုန်း-၅၁၉၁၀၂၊ ၅၃၈၇၈၈၊ လိုင်းခွဲ ၁၀၀၁/၁၀၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ပြည်သူများ မီးဘေးသတိမူရေးအတွက် ဒီဇင်ဘာ ၂၂ ရက်က ကြီးပွားရေးရပ်ကွက်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးခင်မောင်ထွန်းနှင့် တပ်ခွဲမှူးများ၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဆောင်းတင်နှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ထားရှိ၍ သတ်မှတ်ချိန်နှင့် သတ်မှတ်ထားသောနေရာတို့၌ မီးဖိုမီးသုံးစွဲမှု အခြေအနေများကို လိုက်လံစစ်ဆေး၍ လိုအပ်သည်များ ဆွေးနွေးမှာကြားစဉ်။

(၅၀၆)

ကြေးမုံ The Mirror **မှုခင်းသတင်း**

ငွေကိုးသိန်းကျော် နှိုက်ယူပြေးသူ ဖမ်းမိ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အလင်းရောင်(၁)လမ်းနေ ကိုအောင်ကိုဦး (၂၀နှစ်)သည် ဒီဇင်ဘာ ၅ ရက် မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် မီးခွက်ဈေးမှ လိုင်းကားစီး၍ပြန်လာစဉ် အင်းစိန်ဈေးမှတ်တိုင်အရောက်၌ ၎င်းလွယ်ထားသော အိတ်အတွင်းမှ ငွေကျပ် ၉၇၀၀၀၀ ကို မင်္ဂလာဒုံမြို့နယ်နေ မြင့်သိန်း (၅၂ နှစ်) ဆိုသူက နှိုက်ယူထွက်ပြေးစဉ် ရဲတပ်ကြပ်ကြီးအောင်မြင့်နှင့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးသဖြင့် နှိုက်ယူခဲ့သည့် ငွေများနှင့်အတူ ဖမ်းဆီးမိခဲ့၍ အင်းစိန်ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နန့်ချိုနှင့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို စစ်ဆေး နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းရှိ တောင်ပေါ်ဒေသများကို လှည့်လည်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၂၂

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းရှိ နန့်ချို ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းနိုင်အေးက ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားပြီး ရေသွယ်ဥမင် ဖောက်လုပ်ပြီးစီးမှုနှင့် ကျောက်နံရံအား ဖောက်ထွင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နန့်ချို ရေအားလျှပ်စစ်စီမံကိန်းသည် နန့်ချိုချောင်းပေါ်တွင် တည်ရှိပြီး စီမံကိန်းပြီးစီးပါက နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ ၁၅၂ သန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သင်္ကန်းဒွိစုံများလှူဒါန်း

ဆက်လက်၍ တိုင်းမှူးသည် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်း တောင်ပေါ်ဒေသ မဲပေါက်ကျေးရွာသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ ဒေသခံများအား တွေ့ဆုံအမှာစကား ပြောကြားပြီး မဲပေါက်၊ ပင်ရဲနှင့် ငါးတဲစု ကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူ ၉၇ ဦးအတွက် စာရေးကိရိယာများ၊ သံဃာတော်များအတွက် သင်္ကန်းဒွိစုံများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းရင်းသားဝတ်စုံများ၊ စာအုပ်စာတမ်းများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဂမုန်းတောင်ကျေးရွာသို့ သွားရောက်၍ ကျေးရွာဆေးပေးခန်း ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးဝိမလအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် ဌာနဆိုင်ရာများနှင့် ဒေသခံများအား အမှာစကား ပြောကြားပြီး ကျေးရွာဆေးပေးခန်းအတွက် အလှူငွေကျပ်တစ်သိန်းနှင့် ကျောင်းသား၊ ကျောင်းသူ ၁၂၉ဦးအတွက် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးသည် အထက်ပေါင်းလောင်း ရေလှောင်တမံစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးတင်အေးက ရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းသည် ပေါင်းလောင်းမြစ်ပေါ်တွင် တည်ရှိပြီး စီမံကိန်းပြီးစီးပါက တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၄၅၄ သန်း ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထောက်ပံ့

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပဒက်ချောင်းကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ရပ်မိရပ်ဖများနှင့် ဒေသခံများအား တွေ့ဆုံ၍ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများကို လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူ ၂၆၃ ဦး အတွက် စာရေးကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် အောင်ဘိက်သိပ်ကျေးရွာသို့ ရောက်ရှိကြပြီး ဘုန်းတော်ကြီးကျောင်းများ အတွက်သင်္ကန်းများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၈၀ တို့အတွက် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

နေပြည်တော်ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသ ကျေးရွာအုပ်စု လေးအုပ်စု ကျေးရွာ ၁၄ ရွာတို့မှ ကျောင်းသား၊ ကျောင်းသူ ၈၆၉ ဦး၊ ဝန်ထမ်း ၅၈ ဦး၊ ဘုန်းတော်ကြီးကျောင်း ၁၄ ကျောင်းနှင့် ကျန်းမာရေးဌာန လေးခု တို့အတွက် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ စာရေးကိရိယာများ၊ သင်္ကန်းများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနား အရှေ့ခြမ်းရှိ တောင်ပေါ်ဒေသကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု နဝမအကြိမ် နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီအုပ်စု လီမိတက် (NDCG) ၏ နဝမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ရုံးချုပ်ခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ သဘာပတိ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ၂၀၀၆-၂၀၀၇ ခုနှစ်ဘဏ္ဍာရေးနှစ်ချုပ် အစီရင်ခံစာတို့ကို ဖတ်ကြားအတည်ပြုကာ စာရင်းစစ်အဖွဲ့ကို ဆက်လက်ခန့်ထားကြောင်း ကြေညာသည်။

ထို့နောက် စတော့ရှယ်ယာဈေးကွက်နှင့် ပတ်သက်၍ Chief Adviser အငြိမ်းစား သံအမတ်ကြီး ဦးလှမောင်ကလည်းကောင်း၊ နိုင်ငံတကာ ရှယ်ယာဈေးကွက် အတွေ့အကြုံများကို ဒါရိုက်တာအဖွဲ့ဝင် ဦးထွန်းလွင်ကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အစုရှယ်ယာရှင်များ၏ မေးမြန်းချက်များကို ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဖြေကြားပြီး ဒေါက်တာခင်ရွှေ ဦးဆောင်သော ဒါရိုက်တာအဖွဲ့သစ်ကို ပြန်လည်ရွေးချယ် ဖွဲ့စည်းလိုက်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀ ၆။ အဆိုပြိုင်ပွဲ
၈း၁၅ ၇။ ကံတင်းဘီးလင်း ရေလှောင်တမံ
၈း၂၅ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Say it in English.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၁၀ ၅။ **မြန်မာရုပ်ရှင် "လျှို့ဝှက်သောနှင်း" (လွင်မိုး၊ လူမင်း၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်) (ဒါရိုက်တာ- စင်ရော်မောင်မောင်)**
၂း၂၀ ၆။ တောင်ပေါ်မြေပြန့် ရင်ခွင်မဲ့ပန်းတို့ကွန်းခိုရာ "နန်းဦး"အေးရိပ်ဆာယာ
၂း၃၅ ၇။ သက်ဝင်လှုပ်ရှား ပန်းချီပုံရိပ်များ (Best Paintings of the years 2007)
၂း၄၅ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English For Everyday Use
၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (သမိုင်းအထူးပြု) (သမိုင်း)**
၅း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၀ ၆။ တေးဂီတအစီအစဉ်
၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၃၀ ၉။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၀။ "အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ-ကြည်စိုး)
၆း၄၅ ၁၁။ တေးဂီတအစီအစဉ်
၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း-၁၈)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချိုမြိန်သောအချစ်နေ့" (အပိုင်း-၆)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

စေတနာညကျောင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော စေတနာညကျောင်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ရက် နံနက် ၉နာရီတွင် အင်းစိန်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ**(အောက်ပုံ)** တက်ရောက်အမှာစကားပြောကြားပြီးအလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်တစ်သိန်းကို လက်ခံသည်။

ထို့နောက် ဒေါ်မာမာဝေက ၂၀၀၆-၂၀၀၇ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်၍ အင်းစိန်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြက သင်တန်းတွင် သင်ကြားပေးခဲ့သော ဆရာ၊ဆရာမများအားဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ ကျောင်းသား၊ကျောင်းသူများအား ဗလာစာအုပ်နှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်နိုင်ရန်အတွက်တက္ကသိုလ်ရိပ်သာလမ်း ဗဟန်းမြို့နယ်နေ (ကမ္ဘာအေးစေတီ ဂေါပကအဖွဲ့ဝင်) ဦးခင်မောင်အေး-ဇနီး (ဒေါ်ခင်သန်းလွင်) သား၊ သမီး၊ မြေးတစ်စုတို့က အလှူငွေကျပ် ၂၀၀၀၀၀ကို ပေးအပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် ၁၅၆လမ်းနေ နှစ်ဖက်သောမိဘများအား အမှူးထား၍ ဦးတင်မောင်လတ်ဇနီး ဒေါ်ခင်ချိုအေး မိသားစုက ငွေကျပ် ၆၀၀၀၀ နှင့် စေတီတော်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်ရန်အတွက် ၉"X ၉"ရွှေပြား သုံးချပ် တန်ဖိုးငွေကျပ် ၄၅၀၀၀ နှစ်ရပ်ပေါင်း အလှူငွေကျပ် ၁၀၅၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးအေးကိုတို့ လက်ခံယူစဉ်။ (ကြေးမုံ)

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေး တက်ရောက်ရန် ထွက်ခွာ

ရန်ကုန် ဒီဇင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဒီဇင်ဘာ ၂၁ရက်မှ ၂၂ရက်အထိ ကျင်းပသည့်အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အထွေထွေအတွင်းရေးမှူးဦးတင်အောင်တို့သည် ဒီဇင်ဘာ ၂၀ရက်ည ၇နာရီ ၄၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြသည်။**(အောက်ပုံ)**

ဒီဇင်ဘာ ၂၁ရက်တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ဘဏ္ဍာရေးကော်မတီ အစည်းအဝေးကို လည်းကောင်း၊ ၂၂ရက်တွင် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးကို လည်းကောင်း ကျင်းပသည်။ **(ကြေးမုံ)**

ကွယ်လွန်သူ ဦးစစ်ယုံအား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ရွှေပြည်စိုး ဆီစက်နေ ဒေါ်ခင်စိန် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် သိန်း ၂၀ကို ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရေနံချောင်းဒေသကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

၁၉၇၇ မှ ၁၉၈၂ ထိ ရေနံချောင်းဒေသကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်)၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များသည် (ရန်ကုန်) ဦးမြင့်ဌေး ဖုန်း- ၀၉-၅၁၄၃၆၁၄၊ ဒေါက်တာထွေးထွေးရီ ဖုန်း- ၀၁-၆၆၆၇၂၈၊ (မန္တလေး) ဒေါက်တာအောင်ကျော်ဖုန်း ဖုန်း-၀၂-၃၉၄၃၀၊ ဒေါ်စိုးလတ်သင်း ဖုန်း- ၀၂-၆၂၈၀၃၊ (မကွေး) ဦးဝင်းမော်ဌေး ဖုန်း- ၀၉-၅၃၄၁၀၇၆၊ ဦးလင်းမင်းဌေး ဖုန်း-၀၆၃-၂၂၅၀၀၊ (ရေနံချောင်း) ဦးမောင်မောင်စိုး ဖုန်း-၀၆၀-၂၁၃၁၇၊ ဒေါ်ခင်နှင်းယု ဖုန်း- ၀၆၀-၂၁၁၄၉၊ (ပြည်) ဒေါက်တာ ကျော်မင်း ဖုန်း-၀၉-၅၃၁၂၃၉၇၊ (သရက်) ဗိုလ်မှူးသန်းစိုး ဖုန်း-၀၆၈-၂၁၂၄၀၊(အောင်လံ) ဒေါ်မြမြဝင်း ဖုန်း ၀၆၉-၂၁၅၈၃၊ (တောင်တွင်းကြီး) ဒေါ်ခင်အုန်းသန်း ဖုန်း- ၀၆၃-၅၀၆၄၄၊ (ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း)၊ ဒေါက်တာချစ်ကိုကို ဖုန်း ၀၆၃-၆၀၀၅၆၊ (မင်းဘူး၊ စကု၊ မင်းလှ) ဒေါ်ဆွေဆွေလင်းဖုန်း- ၀၆၃-၆၀၂၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဒီဇင်ဘာ ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CNOOC Myanmar Limited ကုမ္ပဏီသည် တနင်္သာရီ ကမ်းလွန် လုပ်ကွက်အမှတ်- M-10 တွင် 3D Seismic Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် M/V Haiyangshiyou 718 (call sign: BFNJ)ဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၅ရက်မှ ၂၀၀၈ခုနှစ် မေ၁၄ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ 3D Seismic Survey တိုင်းတာရေးဆောင်ရွက်မည့်ဧရိယာအကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၁၅မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ဒီဂရီ၀၀မိနစ်၊အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၅၈မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ်၉၆ဒီဂရီ၁၅မိနစ်တို့ ဖြစ်သည်။

သို့ဖြစ်ပါ၍ 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများအား တိုင်းတာရေးရေယာဉ် M/V Haiyangshiyou 718 ဖြင့် ၂၀၀၇ခုနှစ်ဒီဇင်ဘာ ၁၅ရက်မှ ၂၀၀၈ခုနှစ် မေ ၁၄ရက်ခန့်အထိ ဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း၊ ငါးဖမ်းခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်တဲအထက(၁၀)ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)ပန်းတောင်းမြို့နယ် ဆင်တဲအထက်တန်းကျောင်းတွင်ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား တပည့်များက ဒီဇင်ဘာ ၂၉ရက်(စနေနေ့)တွင် ဆင်တဲအထကကျောင်း၌ စုပေါင်းကန်တော့ကြမည်ဖြစ်ရာ ဆရာကြီး၊ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်နှင့် အလှူငွေနှင့်ပစ္စည်းထည့်ဝင်လှူဒါန်းလိုသူများသည် ရန်ကုန်တွင် ဦးတင်အေး ဖုန်း-၀၉-၅၀၀၃၇၈၂၊ ဒေါ်ခင်မိုးမိုးခိုင် ဖုန်း-၀၉-၅၁၃၉၀၅၈၊ ဒေါ်ဌေးဌေးကြည် ဖုန်း-၀၁-၇၀၈၃၃၇၊ ဆင်တဲတွင် ဦးသိန်းလွင်ဖုန်း-၀၅၃-၄၀၁၂၅၊ ဦးဇော်ဝင်း ဖုန်း-၀၅၃-၄၀၁၁၆၊ ဦးဌေး ဖုန်း-၀၉-၅၁၃၁၁၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပန်းဘဲတန်းမြို့နယ် ကုန်ဈေးတန်းလမ်းနေ ဦးခင်မောင်ညွှန့်-ဒေါ်ခင်မေသွယ်၊ သား မောင်ဖုန်းမင်းခန့်၊ ဦးဘသန်း-ဒေါ်ကြည်ကြည်၊ ညီမ ဒေါ်ညွှန့်ညွှန့်၊ ပါမောက္ခဦးတင်ဝ-ဒေါက်တာ နုနုခင်၊ သမီး မဝင့်ရည်ထွန်း၊ သားကြီးမောင်အောင်ဘုန်းမြင့်၊ သားငယ် မောင်ဟန်ဘုန်းတင့်တို့က ကြေးပြား ငါးချပ် တန်ဖိုးငွေကျပ် ၁၂၅၀၀၀ ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက်လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

လှိုင်မြို့နယ် အမှတ်(၅) ပရိဘောဂစက်ရုံ အခြေခံမီးသတ်သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၂

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ စက်ရုံ၊ အလုပ်ရုံများ မီးဘေးကြိုတင်ကာကွယ်ရေး အစီအစဉ်အရ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံ စက်မှုလုပ်ငန်းဌာနအောက်ရှိ လှိုင်မြို့နယ် အမှတ်(၅) ပရိဘောဂစက်ရုံ အခြေခံမီးသတ်မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၇-၂၀၀၈) ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက အဆိုပါ စက်ရုံမီးသတ်ဌာနတွင် ကျင်းပရာ သစ်အခြေခံစက်မှုလုပ်ငန်းဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းနိုင်**(ဝဲပုံ)**နှင့် လှိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးခင်မောင်မြင့်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ **(၄၅)**

ဓေယျဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် ဒီဇင်ဘာ ၂၂

တနင်္သာရီတိုင်း ကော့သောင်းမြို့ ၂-မိုင် အေးမြကန်သာရပ်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီဓမ္မရိပ်သာကြီး၏ နှစ်စဉ်ကျင်းပသော (၁၀)ရက်အထူးတရားစခန်းပွဲကြီးကို ဒီဇင်ဘာ ၂၁ရက်မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရိပ်သာပဓာနနာယက မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်၅၊ မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဓေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယB.A)က သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်ကျောင်း သုံးထပ်ဓမ္မာရုံအတွက် လှူဒါန်းလိုပါက ၀၉-၅၁၃၇၀၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

အမျိုးသားကန်တော်ကြီးဥယျာဉ်(၇၆)နှစ်မြောက် အထိမ်းအမှတ်ပွဲ ဒုတိယအကြိမ် ပန်းပွဲတော်၊ အဆင့်မြင့် သစ်ခွဥယျာဉ်ဖွင့်ပွဲ အထူးစည်ကား

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ ဝင်းနိုင်-ဌေးအောင်(ကြေးမုံ)

ပန်းပွဲတော်နှင့် ဂီတပွဲတော်ကို နန်းမြင့်မျှော်စင်အနီး၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပရာ သရုပ်ဆောင် အဆိုတော် စန္ဒီမြင့်လွင်၏ ဖျော်ဖြေမှုကို ပရိသတ်များ တစ်ခဲနက်အားပေးကြသည်။

ရန်ကုန် ဒီဇင်ဘာ ၂၂

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် တစ်နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၆)နှစ်မြောက် အထိမ်းအမှတ်ပွဲ၊ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်၊ အဆင့်မြင့် သစ်ခွဥယျာဉ်ဖွင့်ပွဲနှင့် ဂီတပွဲတော်ကို မကြာသေးမီရက်များအတွင်းက ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း၌ ကျင်းပရာ ပြပွဲအတွင်း ခင်းကျင်းပြသထားမှုများကို ဒေသခံများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်လေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများအား ဖော်ပြလိုက်ပါသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၌ ပန်းပွဲတော်နှင့် သစ်ခွဥယျာဉ်တို့တွင် ပန်းဝါသနာရှင်များအတွက် တစ်နေရာတည်းတွင် စုံစုံလင်လင် တွေ့ရှိရသည့်အလျောက် လာရောက် ကြည့်ရှုလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

လာရောက်လေ့လာ ပျော်ရွှင်ချမ်းမြေ့စွာ

အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်)၌ ဒုတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ပန်းအမျိုးပေါင်း ၈၀ ကျော်တို့ကို စိုက်ခင်းပုံစံများ၊ ပန်းမုခ်ဦးပုံစံများ၊ မြန်မာပြည်မြေပုံ၊ နန်းမြင့်မျှော်စင်ပုံ၊ ဇာမဏီငှက်ပုံ စသည်ဖြင့် သရုပ်ဖော် ပြသထားရာ လာရောက်လေ့လာသူများ ပျော်ရွှင်ချမ်းမြေ့စွာရှိသည်ကို တွေ့ရစဉ်။

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)ရပ်ကွက် သံဃာ့ဒါန ဆွမ်းလောင်းအဖွဲ့ မိသားစုနှင့်အများက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၁၅ သိန်းကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။ (က-ပ)

မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ကြီး၏ တရားစခန်း

ရန်ကုန် ဒီဇင်ဘာ ၂၂

ရန်ကုန်မြို့ မူလသစ္စာဒီပက အဖွဲ့ကြီး၏ ကျေးဇူးရှင် ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ဆရာကြီးဦးကြည်၏ ဥပနိဿယမှုအတိုင်း သားတပည့်များဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးမောင်အုံး၊ ဦးသိန်းဆွေ(ရန်ကုန်)တို့က (၆၇)ကြိမ်မြောက် ဓမ္မာနုပဿနာ သတိပဋ္ဌာန် အလုပ်ပေး ခုနစ်ရက် (အထူး) တရားစခန်းကို ဒီဇင်ဘာ၂၉ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ၄ရက်အထိ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မာဃဓမ္မာရုံတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီ အရောက်လာကြရမည်ဖြစ်ပြီး အသေးစိတ် သိလိုပါက ဦးမြသောင်း ဥက္ကဋ္ဌ ဖုန်း-၂၉၂၀၅၀၊ ဦးခင်မောင်ရီ ဓမ္မကထိက ဖုန်း-၅၇၇၄၉၄တို့ထံ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၁၂-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မေတ္တာကမ္ဘာလေး
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဒီလှိုင်းနှင့်အတူ (အပိုင်း-၁)**
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ပဟေဠိနန်းတော်
၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နီလာလက်ကောက် (အပိုင်း-၂၁)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြပွဲနှင့် ဟောပြောပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးအတွင်းရှိ မင်္ဂလာမွန်ဈေး (၁၀)ထပ်ခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်နှင့် တပ်ဖွဲ့ဝင်များက လက်တွေ့ သရုပ်ပြ မီးငြိမ်းပြသစဉ်။ (က-ပ)

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲ ရန်ကုန်မြို့၌ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၂၂

၂၀၀၇ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း စုရပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူလူထုအင်အား ၁၁၈၀၀ကျော် တို့သည် စုရပ်ဖြစ်သော အောင်ဆန်းအားကစားကွင်း အထူးတန်းပွဲကြည့်စင်ဝင်ပေါက်ရှေ့မှ မင်္ဂလာတောင်ညွန့်မြို့နယ် ဂျိုးဖြူလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြသည်။



လမ်းလျှောက်ပွဲ၌ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများသည် ဂျိုးဖြူလမ်းမှတစ်ဆင့် ကမ္ဘာအေးစေတီလမ်း၊ ကန်တော်ကြီးကန်ပတ်လမ်း၊ အထက်ပန်းဆိုးတန်းလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး အောင်ဆန်းအားကစားကွင်း အရှေ့ဘက်တန်းပွဲကြည့်စင် ဝင်ပေါက်မှတစ်ဆင့် အောင်ဆန်းအားကစားကွင်း အတွင်းသို့ ဝင်ရောက်ကြသည်။

ယင်းနောက် ပြည်သူများသည် အောင်ဆန်းအားကစားကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး အတွဲ(၁)နှင့် အတွဲ(၂)တို့ကို ပြုလုပ်ကြပြီး အားကစားပြိုင်ပွဲများကျင်းပကာ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

၂၀၀၇ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲကို ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်များအလိုက်ကျင်းပကြရာ အောင်ဆန်းအားကစားကွင်းစုရပ်၌ ပြည်သူလူထုအင်အား ၁၁၈၀၀ကျော်၊ ကျိုက္ကဆံကွင်း စုရပ်၌ အင်အား ၁၃၅၀၀ကျော်နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)စုရပ်၌ အင်အား ၃၃၀၀ကျော် တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

လမ်းလျှောက်ပွဲ ဆင်နွှဲ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ၂၀၀၇ ခုနှစ် ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူ စုပေါင်းပါဝင်လမ်းလျှောက်ပွဲ ဆင်နွှဲစဉ်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

နိုင်ငံတကာ ဘောလုံးအားကစား သတင်းများ

ရန်ကုန် ဒီဇင်ဘာ ၂၂

ကားလင်းဖလားကွာတားဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ရက်နှင့် ၂၀ရက်တို့က ကျင်းပခဲ့ရာ တော့တင်ဟမ်ဟော့စပါးက မန်ချက်စတာစီးတီး အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ဘလက်ဘန်းနှင့် အာဆင်နယ်တို့နှစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားရာမှ အာဆင်နယ်ကသုံးဂိုး–နှစ်ဂိုး၊ချယ်လ်ဆီးက လီဗာပူးကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ ကားလင်းဖလား ဆီမီးဖိုင်နယ်သို့ ချယ်လ်ဆီး၊ အဲဗာတန်၊ အာဆင်နယ်နှင့် စပါးအသင်းတို့ တက်ရောက်သွားကြပြီဖြစ်သည်။

ပရီမီယာလိဂ် အာဆင်နယ်နှင့် လီဗာပူးတို့အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၁၈) ပွဲများကို ယနေ့ကျင်းပရာ အာဆင်နယ်က စပါးစ်ကို နှစ်ဂိုး–တစ်ဂိုး၊ လီဗာပူးက ပို့စ်မောက်ကို လေးဂိုး–တစ်ဂိုးတို့ဖြင့် အနိုင်ရပြီး အက်စတွန်ဗီလာနှင့် မန်ချက်စတာစီးတီးအသင်းတို့ တစ်ဂိုးစီ သရေကျသွားသည်။

ဒီဇင်ဘာ ၂၃ရက်၌ ပရီမီယာလိဂ်ပွဲစဉ်များ ဆက်လက်ကျင်းပမည်ဖြစ်ရာ မန်ချက်စတာယူနိုက်တက်နှင့် အဲဗာတန်၊ နယူးကာဆယ်နှင့် ဒါဘီ၊ ဘလက်ဘန်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဂျွန်တယ်ရီခြေကျိုး

အင်္ဂလန်အသင်းလက်ရွေးစင်နှင့်ချယ်လ်ဆီးအသင်းကပ္ပတိန် ဂျွန်တယ်ရီသည် ပရီမီယာလိဂ်ပွဲစဉ်၌ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲတွင် အာဆင်နယ်မှ အီဘိုယေးနှင့်ထိခိုက်မိပြီးနောက် ခြေချောင်းရိုး ကျိုးသွားသဖြင့် အနည်းဆုံးခြောက်ပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

ထို့ကြောင့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂလန်အသင်းနှင့်ဆွစ်ဇာလန်အသင်းတို့ ကစားမည့် ခြေစမ်းပွဲ၌ ဂျွန်တယ်ရီ ပါဝင်နိုင်ဖွယ်မရှိဟု သိရသည်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားကာကာ

ဘရာဇီးလက်ရွေးစင်နှင့် အေစီမီလန်အသင်း Playmakerကာကာ သည် ဖီဖာ၏ ၂၀၀၇ခုနှစ် အကောင်းဆုံး ဘောလုံးသမားဆုဆွတ်ခူးရရှိခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၀၇ ခုနှစ် ကမ္ဘာ့ကလပ်အသင်းများဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အာဂျင်တီးနားနိုင်ငံမှ ဘိုကာဂျူနီယာအသင်းကို အနိုင်ရသည့်ပွဲ၌လည်း အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခံရပြီး အဲဒီးဒတ်စ်ရွှေဘောလုံးဆုနှင့် တိုယိုတာကုမ္ပဏီမှချီးမြှင့်သည့် တိုယိုတာ ကားတစ်စီးလည်း ရရှိခဲ့သည်။

အင်္ဂလန်အသင်း၏နည်းပြသစ်

ထုတ်ပယ်ခြင်းခံရသော အင်္ဂလန်ဘောလုံးအသင်း မန်နေဂျာ မက္ကလာရင်၏နေရာ၌ ရီးယဲမဒရစ်အသင်း၏ နည်းပြဟောင်း အသက်(၆၁)နှစ်အရွယ်ရှိ ကာပယ်လိုကို လေးနှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်ရာ ကာပယ်လိုသည် အင်္ဂလန်အသင်းကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၇ရက်မှစ၍ တရားဝင်ကိုင်တွယ်လေ့ကျင့်ရတော့မည် ဖြစ်သည်။ ၎င်း၏လခမှာတစ်နှစ်လျှင် ပေါင်ခြောက်သန်းဖြစ်သည်။

ကာပယ်လိုသည် အင်္ဂလန်အသင်း၏ ပွဲဦးထွက် နိုင်ငံတကာပွဲအဖြစ် ဖေဖော်ဝါရီ ၆ရက်၌ ဝင်ဘာလေကွင်းတွင်ကျင်းပမည့် အင်္ဂလန်နှင့်ဆွစ်ဇာလန်တို့၏ ခြေစမ်းပွဲမှစ၍ တာဝန်ယူရမည်ဖြစ်သည်။

ပြစ်မှုနှင့်ပြစ်ဒဏ်

ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းမန်နေဂျာ ဖာဂူဆန်အား ဘောလ်တန်နှင့်ကစားသောပွဲ၌ ကွင်းလယ်ဒိုင်လူကြီးအား ဝေဖန်ပြောဆိုမှုကြောင့် အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ဒဏ်ငွေ ၁၀၀၉၇ဒေါ်လာနှင့် ပွဲနှစ်ပွဲပယ်သည့်ပြစ်ဒဏ် ချမှတ်ခဲ့သည်။

ထို့အတူ ပရီမီယာလိဂ်ပြိုင်ပွဲဝင် ချယ်လ်ဆီးအသင်းကိုလည်းအက်ဖ်အေက ဘောလုံးသမားများအားထိန်းသိမ်းမှုပျက်ကွက်အားနည်းမှုကြောင့် ဒဏ်ငွေ ပေါင်၃၀၀၀၀တပ်ရိုက်ပြီး ပြင်းထန်စွာသတိပေးခဲ့သည်။ ချယ်လ်ဆီးမှ အနီကတ်ဖြင့် အထုတ်ခံရသူ အက်ဆီယန်မှာလည်း သုံးပွဲပယ်သည့် ပြစ်ဒဏ်ခံရသည်။

(ကြေးမုံ)

ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကသာ စစ်မှန်သောဒီမိုကရေစီ ထွန်းကားရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဟုယုံကြည် NLD ပါတီ၏ လုပ်ရပ်များကို လက်မခံနိုင်တော့သဖြင့် အရာတော်မြို့နယ်မှ ပါတီဝင် ၇၂ဦး စုပေါင်းနုတ်ထွက်

နေပြည်တော် ဒီဇင်ဘာ ၂၂

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဝက်ခဲကျေးရွာအုပ်စုနေ ဦးဟန်ညွန့်၊ ဦးဝင်း၊ ဒေါ်မှတ်ရှိန်၊ ဦးကျော်လွင်၊ ဦးသန်းဆောင်၊ ဦးတင်သိန်း၊ ဦးသန်းမောင်၊ ဦးအောင်မြင့်၊ ဦးကံချွန်နှင့် ဦးလှကြူး တို့အပါအဝင် ပါတီဝင်၇၂ဦးတို့သည် အောက်တိုဘာ ၂၈ ရက်တွင် ၎င်းတို့ဆန္ဒအလျောက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

၎င်းတို့၏နုတ်ထွက်လွှာတွင် ကျင်းပပြီးစီးခဲ့သည့်အမျိုးသားညီလာခံကသာ စစ်မှန်သောဒီမိုကရေစီထွန်းကားရေးအတွက် အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပြီး NLD ပါတီ၏လုပ်ရပ်များကိုလက်မခံနိုင်တော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၀၈–၂၀၁၀ စတုတ္ထသက်တမ်း အတွက် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၀၈–၂၀၁၀ စတုတ္ထသက်တမ်းအတွက် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (၂၆)ရက်နေ့ မွန်းလွဲ (၁၃း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ၊ ဘုရင့်နောင်လမ်းနှင့်ဆေးဝါးစက်ရုံလမ်းထောင့် ၊ အနောက်ကြို့ကုန်း ၊ အင်းစိန်မြို့နယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဗဟိုအလုပ်အမှုဆောင်အဖြစ်ပါဝင်အရွေးချယ်ခံရန် အမည်စာရင်းတင်သွင်းထားသူများနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်များအနေဖြင့် မပျက်မကွက်တက်ရောက် မဲပေးရွေးချယ်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲတွင်မဲပေးနိုင်ရန်အတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသင်းဝင်များအားလုံး မိမိတို့၏အသင်းဝင်ကဒ်ပြား(သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကဒ်ပြားတို့ကို တပါတည်းယူဆောင်လာပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ နဝမအကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့်အသင်းဝင်များအားလုံး အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် မေးမြန်းချက်နှင့်အကြံပြုချက်များ ရှိပါက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ (၂၈) ရက်(ကြာသပတေးနေ့) မွန်းလွဲ (၁၆း၀၀)နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

ယုဇနပလာဇာ

နှစ်သစ်ဦးအကြို အထူးဈေးရောင်းပွဲတော်

25.12.2007 မှ 29.12.2007 ထိ

(နံနက် ၉း၀၀ နာရီ မှ ည ၂၁း၀၀ နာရီ အထိ)

5 DAYS

ဆက်သွယ်ရန်လိပ်စာ

ယုဇနပလာဇာ ဒုတိယထပ်(ရုံးခန်း)

Phone: 200801, 200747 Ext: 4444, 3444

PMG Hiphop X'MAS Night festival

ဖိုးကျော့မြိုင်၊ စိုင်းစိုင်းခမ်းလှိုင်၊ ဘာဘူ၊ J-me၊ ရဲသ၊ Lil' ကောင်းမြတ်

On Track၊ Bigg Y၊ ချစ်စိုး၊ R Boy၊ Chapter (91) ၊ ရေဗက္ကာဝင်း၊ သင်ငယ်

Bambino၊ နန်းဆုရတီစိုး၊ စန္ဒီမြင့်လွင်၊ ပိုင်းစုခိုင်သိန်း၊ Witch ၊ဗေဒာနာမိုင်

ဆောင်းဦးလှိုင်၊ မြဲပဲယိုး

ဝင်ကြေး 3500 ks

25.12.07 (Tue) 5:00 pm

Yangon Int'l Hotel (အလုံလမ်းနှင့် ပြည်လမ်းထောင့်)

လက်မှတ်အရောင်းဌာန – Nobody, Uncle Sam (FMI, Dagon, Yankin), Conqueror (La Pyae Wunn)

ဆိုင်ခန်းဖွင့်လှစ်ရောင်းချလိုသူများ – 09-99-70282 သို့ ဆက်သွယ်နိုင်ပါသည်။

မြို့သာယာလှပရေး ဆောင်ရွက်

လေးကျွန်းရန်အောင် ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပုသိမ် ဒီဇင်ဘာ ၁၈

ပုသိမ်မြို့ သမိုင်းဝင်လေးကျွန်းရန်အောင် ဖောင်တော်ဦး စေတီတော်မြတ်ကြီး**(ယာပုံ)**၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၉ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်မှ ၆ ရက်) ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်၌ နတ်တော်လပြည့်ကျော် ၄ ရက် နံနက် ၄ နာရီတွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာကို ကျင်းပမည်ဖြစ်ပြီး နတ်တော်လပြည့်ကျော် ၆ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပမည်ဖြစ်သည်။

နတ်တော်လပြည့်ကျော် ၄ ရက် အရုဏ်တက်တွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ နာယကနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့၊ တိုင်း၊ ခရိုင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ စေတီတော်မြတ်ကြီးအား ဆွမ်းတော်ကြီးတင်လှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဝတ်အဖွဲ့များကလည်း ဝတ်ရွတ်စဉ်များကို ညစဉ်ရွတ်ဖတ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ဝင်္ဂုကြွေးတော်ပြေစေတီ ဗုဒ္ဓပူဇနိယပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၂ရပ်ကွက် မယ်လမုတစ်ဖက်ကမ်း မေတ္တာချောင်းကူးရပ်ရှိ ကျေးဇူးတော်ရှင် ဘဒ္ဒန္တသိရိပါလ (ဒီပါရာမ သာသနာပြု) ရန်အောင်မြင် ကျောင်းတိုက် ဆရာတော်၏ အဓိဋ္ဌာန်ဖြင့် တည်ထားပူဇော်အပ်ပြီးသော ဝင်္ဂုကြွေးတော်ပြေ စေတီတော်မြတ်ကြီး၏ နဝမအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် အမျက်တော်ပြေစေတီ၊ လွတ်ငြိမ်းစံစေတီ၊ ကျေးဇူးတော်ဆပ်မြတ်စေတီ၊ အောင်ပြည့်ဒိဗ္ဗဘုရားကြီးတို့၏ ဗုဒ္ဓပူဇနိယပွဲတော်၊ ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ၊ လိုချင်တိုင်းပြည့်ဘုရား၏ ရွှေထီးတော်တင်လှူပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၂ ရက်ထိ ကျင်းပပူဇော်ပြီး ဇန်နဝါရီ ၂၂ရက်၌ ရှစ်သောင်းလေးထောင် ဓမ္မက္ခန္ဓာစေတီ လိုချင်တိုင်းပြည့်ဘုရားကြီး ထီးတော်တင်လှူမည် ဖြစ်ရာ ပြည်သူအပေါင်း ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ဖကျောက်-ဝမ်ဘိုး ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၃ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တွံတေးမြို့ အဘိဓမ္မာသင်တန်းအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် ခုနစ်ကြိမ်မြောက် အဘိဓမ္မာအောင်လက်မှတ် ဆုချီးမြှင့်ပွဲတွင် အဘိဓမ္မာသုံးဆင့် အောင်မြင်သော မြို့နယ် ပထမဆုရရှိသူ ဒေါ်အုံးမြင့် (သဝန်းတော)အား အောင်လက်မှတ်နှင့် ဆုချီးမြှင့်စဉ်။ (၃၄၂)

ကြေးမုံ The Mirror

မြို့နယ်သတင်းများ

ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် လမ်းပခုံးထက်မြင့်သော မြေသားများ ပြုပြင်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဒေါ်မော်မော်ဦး လုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကြီးကြပ်ဆောင်ရွက်စဉ်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပ

တွံတေး ဒီဇင်ဘာ ၁၈

ရန်ကုန်တိုင်း တွံတေးမြို့နယ် သာသနာ့ ဗိမာန်တော်ကြီးအတွင်း၌ ၂၀၀၇ ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသည်။

ကြီးကြပ်ဆောင်ရွက်

မြို့နယ်သံဃနာယကဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်သာသနာရေးမှူး ဦးဝင်းနောင်နှင့် အဘိဓမ္မာအဖွဲ့မှ နာယကလူကြီးများ တက်ရောက်၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရဲချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲ မိတ္ထီလာတွင် ကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၄၃)ကြိမ်မြောက် ရဲချုပ်ဒိုင်း ဘောလုံးပြိုင်ပွဲ ဇုန်(က) မိတ္ထီလာဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အသင်းလေးသင်းမှ အုပ်ချုပ်သူများ၊ ခရိုင်အားကစားမှူးနှင့် ဒိုင်လူကြီးများအား မိတ္ထီလာခရိုင် မိုးလုံလေလုံခရိုင်အားကစားကွင်းတွင် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူးက ဒီဇင်ဘာ ၇ ရက် နံနက်က တွေ့ဆုံ၍ အုပ်ချုပ်မှုပိုင်းဆိုင်ရာ၊ စည်းကမ်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ညနေ ၄ နာရီတွင် ဘောလုံးပြိုင်ပွဲကို ကျင်းပသည်။

မိတ္ထီလာဇုန်(က) ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် ကွင်းဖွင့်ပွဲအဖြစ် ပထမဆုံးယှဉ်ပြိုင်ကြမည့် မန္တလေးတိုင်းရဲတပ်ဖွဲ့အသင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)အသင်းနှစ်သင်းမှ ဘောလုံးသမားများနှင့် ဒိုင်လူကြီးများအား မိတ္ထီလာဆရာအတတ်သင်ကျောင်းမှ လုပျိုဖြူလေးများက ဂုဏ်ပြုပန်းစည်းများ ပေးအပ်သည်။ ထို့နောက် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှမျိုးရှိန်က ဘောလုံးသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

အနိုင်ရရှိ

ကွင်းဖွင့်ပွဲအဖြစ် မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်း ရဲတပ်ဖွဲ့အသင်းက ပဲခူးတိုင်း(အနောက်ပိုင်း)ရဲတပ်ဖွဲ့အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ **(၁၁၁)**

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သုံးခွအခြေခံပညာ မူလတန်းလွန်ကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၀ ရက်က ကျင်းပရာ သူငယ်တန်းမှ သတ္တမတန်းအထိ ရှစ်နှစ်ဆက်တိုက် ပထမဆုရရှိသူ ကျောင်းသူ မဆုဆက်ဆက်နိုင်အား ကျောင်းအုပ်ဆရာကြီး ဦးသိန်းနိုင် ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်းနှင့် ဦးစီးအရာရှိ ဦးအောင်သန်းတို့ ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဒီဇင်ဘာ ၁ ရက်က ဖြူးမြို့ တောင်ဘက်လမ်းဘေးဝဲ၊ ယာ တစ်လျှောက် သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး စုပေါင်းဆောင်ရွက်ကြစဉ်။



တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ အမှိုက်သိမ်းယာဉ်များ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဒု-ဦးစီးမှူး(သန့်) ဦးမျိုးလွင် ဦးဆောင်၍ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်း၊ အင်ဂျင်နီယာမှူး ဦးတင်မောင်အေးတို့ ကြီးကြပ်စစ်ဆေးစဉ်။ (သတင်းစဉ်)

ကတ္တရာခင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

လားရှိုး ဒီဇင်ဘာ ၁၉

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသောမြို့တွင်း ကျောက်စိမ်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမင်းဟန်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးလှမိုးထွန်းတို့ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မအူပင်မြို့နယ် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းလုပ်ငန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး တွင်းတိမ်တွင်း ၃၀ တူးဖော်ခြင်းလုပ်ငန်းမှ အိုင်ဝိုင်းကျေးရွာအုပ်စု တာကောက်ကျေးရွာတွင် ဆောင်ရွက်ခဲ့သည့် တွင်းတိမ် တူးဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ခေတ္တအမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂ ဦးလှမျိုးဇော် ရှင်းလင်းတင်ပြစဉ်။

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၄၇)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၉)၊ သိုးမွှေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၆)၊ အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်/ဝါး) အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အခမ်းအနားသို့ ပြည်နယ်/ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ ဖိတ်ကြားထားသူများနှင့် သင်တန်းအသီးသီးသို့ သင်တန်းသူ ၂၁ ဦး တက်ရောက်ကြသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်၊ တာချီလိတ်၊ ကယားပြည်နယ်၊ လွိုင်ကော်၊ စစ်ကိုင်းတိုင်း ယင်းမာပင်၊ ဆားလင်းကြီး၊ ပုလဲ၊ လေရှီး၊ လဟယ်၊ နန်းယွန်း၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(နယ်စပ်စည်ပင်)

စုတည်ကျေးရွာ အလက(ခွဲ) အာစရိယပူဇော်မည်

ညောင်ဦး ဒီဇင်ဘာ ၁၀

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စုတည်ကျေးရွာ အလက(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည်အား သားတပည့်များက အာစရိယပူဇာ သဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ ကြွချီပူဇော်ပွဲကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၅

ညောင်တုန်းမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော နှစ်ကျိပ်ရှစ်ဆူဘုရား မြို့တွင်းရပ်ကွက်အလိုက် ဒေသစာရီကြွချီပူဇော်ပွဲကို နိုဝင်ဘာ ၂၄၊ ၂၅ရက်နှင့် ၃၁ ရက်များက ကျင်းပသည်။

လှည့်လည်ပူဇော်ပွဲတွင် ဆင်အက၊ မင်းသား၊ မင်းသမီးအက၊ ရိုးရာအကများ၊ ရိုးရာဝတ်စားဆင်ယင်မှုများဖြင့် အပြိုင်အဆိုင် လှည့်လည်ပူဇော်ကြပြီး အမှတ်ပေး ဒိုင်အဖွဲ့များက အမှတ်ပေး အကဲဖြတ်ကြသည်။

မြို့အတွင်း လှည့်လည်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်**(အပေါ်ပုံ)**၊ အတွင်းရေးမှူး ဦးကိုကိုမောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် တာဝန်ရှိသူများက ဘက်စုံပထမဆု အမှတ်(၄)ရပ်ကွက်၊ ဒုတိယဆုရ အမှတ်(၃)ရပ်ကွက်၊ တတိယဆုရ အမှတ်(၈)ရပ်ကွက်နှင့် အထူးဆုရ ရပ်ကွက်များသို့ ဆုများချီးမြှင့်ကြသည်။

(၁၆၁)

နေကြာသီးနှံ လျာထားချက် အပြည့်အဝစိုက်ပျိုးရေးဆွေးနွေး

ဝေါ ဒီဇင်ဘာ ၁၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့် တိုင်းစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက်က ဝေါမြို့နယ် ခန်းမဆောင်၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၀ အုပ်စုမှ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေကြာစိုက်တောင်သူ ၆၀၀ တို့အား တွေ့ဆုံ၍ ဝေါမြို့နယ်၏ ၂၀၀၇-၂၀၀၈ နေကြာသီးနှံ လျာထားချက် အပြည့်အဝစိုက်ပျိုးရေး တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ဝဲပုံ)**

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ပဲခူးတိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးဝင်းမောင်နှင့် ပဲခူးတိုင်း မြေစာရင်းဦးစီးမှူး ဦးဇော်မင်းတို့က နေကြာသီးနှံ စိုက်ပျိုးရေး ပညာပေး ဆွေးနွေးပြီး တက်ရောက်လာသော မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နုနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

တွံတေးပြန်/ဆက်ရုံး စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

တွံတေး ဒီဇင်ဘာ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအေးသောင်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စာကြည့်တိုက်မှူး ဒေါ်သန်းသန်းတင့်က ချစ်နိုင်(စိတ်ပညာ) ရေးသားသည့် အောင်မြင်သူတို့ရဲ့အပြုအမူစာအုပ်ပါ ဆောင်းပါးကိုလည်းကောင်း၊ ရပ်သံကျွမ်းကျင်(၃)ဦးဇော်မိုးလွင်က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၂၁)မှ ဆောင်းပါးရှင် ဒေါက်တာခင်မောင်ညိုရေးသားသည့် ပြုစုပျိုးထောင်ခြင်း ဆောင်းပါးတို့ကို ဖတ်ကြားဆွေးနွေးကြသည်။

(မြို့နယ်/ပြန်ဆက်)

တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ရေဖြူကျေးရွာ ဖူးပွင့်ရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၇ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးထွန်းမြင့်၊ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဝမ်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)



ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကန်တော်ကြီး ရေလှောင်ကန်မှ ပဲခူးမြို့သို့ သောက်သုံးရေ ပေးဝေလျက်ရှိရာ မြို့နေလူထု သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆေးဖျန်းခြင်းလုပ်ငန်း၊ ရေကန်ပတ်လည် ရှင်းလင်းခြင်းလုပ်ငန်း၊ ရေဝေရေလဲဧရိယာသန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၇ ရက်က ကန်တော်ကြီး၌ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့် အင်ဂျင်နီယာမှူးတို့ ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၃) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆/၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသား မောင်အောင်ချစ်မင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့် ဆုချီးမြှင့်စဉ်။

(က-ပ)

ကြေးမုံ The Mirror မြို့နယ်သတင်းများ

ဒီဇင်ဘာ ၄ ရက်က ကော့သောင်းမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ် (၄၇)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၈)နှင့် ကြိမ်၊ ဝါး သင်တန်းအမှတ်စဉ် (၁)ဆင်းပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (မြို့နယ်ပြန်/ဆက်)

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်ကြီး ခြောက်ခုသို့ ဖြန့်ဖြူးပေးလျက်ရှိသည့် ၃၁ဧက သောက်သုံးရေကန် ရေသိုလှောင်မှုနှင့် သောက်သုံးရေဖြန့်ဖြူးပေးရေး အခြေအနေကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဇော်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သီတာမြင့်တို့ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက် စက်ရုံမှူးနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ စက်ရုံမှူး ဦးကျော်ထွေးက အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားပေးစက်နှစ်လုံး မောင်းနှင်၍ ဓာတ်အားထုတ်လုပ်မှု အခြေအနေ၊ ဓာတ်အားပေးစက်များနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ စက်ရုံ၏ နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှုနှင့် ကျောက်မီးသွေးသုံးစွဲမှု၊ ကလေးဝကျောက်မီးသွေးဖြင့် စမ်းသပ်ဓာတ်အားထုတ်လုပ်မှု၊ ကလေးဝကျောက်မီးသွေးနှင့် တီကျစ်ကျောက်မီးသွေးတို့ကို ရောစပ်၍ ဓာတ်အားထုတ်လုပ်မှု အခြေအနေတို့ကို လည်းကောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်မီးသွေးလိုအပ်ချက်၊ ဓာတ်အားထုတ်လုပ်ရန် လျာထားချက်တို့ကို ဗီဒီယိုဆလိုက်များဖြင့် လည်းကောင်း ရှင်းလင်းတင်ပြကာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်သာနှင့် အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ *



ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးမိုင်းအပေါ်ယံမြေလွှာ တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာသာယာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ပြည်ပဈေးကွက်တွင် ဝယ်လိုအားကောင်းနေသည့် မြန်မာ့ဆေးဖက်ဝင်သစ်ခွများ တစ်သျှူးမျိုးပွားထုတ်လုပ်နေ

သတင်းဆောင်းပါး၊ စာမျက်နှာ-၇

မြန်မာ့တောတောင်များတွင် ဆေးဖက်ဝင် သစ်ခွမျိုးပေါင်း ၅၀ ကျော်တို့မှာ သဘာဝအလျောက် ပေါက်ရောက်ရှင်သန်လျက်ရှိရာ ဆေးဝါးကုန်ကြမ်းအဖြစ် ပြည်ပဈေးကွက်တွင် ဝယ်လိုအား ကောင်းလျက်ရှိသည်။ ရေရှည်တွင် သစ်ခွမျိုးပြုန်းတီးမှု မဖြစ်စေရန်အတွက် ခေတ်မီနည်းပညာများဖြင့် ဆေးဖက်ဝင် သစ်ခွကုန်ကြမ်းများကို စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား